**လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်မှုနှင့် မဖွယ်မရာပြုမှုတားဆီးကာကွယ်ရေး မြန်မာနိုင်ငံကွန်ယက်၏ လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုနှင့် မဖွယ်မရာပြုမှုဆိုင်ရာ ခက်ဆစ်အဘိဓာန်**

**နိဒါန်း**

ဤခက်ဆစ်အဘိဓာန်သည် ကုလသမဂ္ဂ၏ လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်မှုနှင့် မဖွယ်မရာပြုမှုဆိုင်ရာ ခက်ဆစ်အဘိဓာန် အပေါ် အခြေခံပြုစုထားခြင်းဖြစ်ပြီး ကုလသမဂ္ဂ၏ လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်မှုနှင့် မဖွယ်မရာပြုမှုဆိုင်ရာ ဝေါဟာရများအပေါ် ဘုံနားလည်မှုတည်ဆောက်ရန် လိုအပ်ချက်အပေါ်မူတည်၍ ပြုစုထားခြင်း ဖြစ်သည်။ ဤအကြောင်းအရာနှင့်ပတ်သက်၍ နားလည်မှုကိုမြှင့်တင်ရန်လည်း ရည်ရွယ်သည်။ ကုလသမဂ္ဂ၏ခက်ဆစ်အဘိဓာန်ကဲ့သို့ပင် လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်မှုနှင့် မဖွယ်မရာပြုမှုဆိုင်ရာ မြန်မာနိုင်ငံကွန်ယက်၏ ခက်ဆစ်အဘိဓာန်သည် လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်မှုနှင့် မဖွယ်မရာပြုမှုနှင့်ပတ်သက်၍ လက်ရှိအသုံးပြုနေသည့်ဝေါဟာရများကို စုစည်းပြုစုရန် ရည်ရွယ်သည်။ ဤအကြောင်းအရာနှင့် ပါတ်သက်၍ အမျိုးမျိုးသောအဖွဲ့အစည်းများက အသုံးပြုနေသည့် အဓိက ဝေါဟာရများကို အများသဘောတူ နားလည်မှုရရှိရန်နှင့် အယူအဆရေးရာ ရှင်းလင်းပြတ်သားမှုရှိစေရန် ရည်ရွယ်သည်။ လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်မှုနှင့်မဖွယ်မရာပြုမှုဆိုင်ရာမြန်မာနိုင်ငံ ကွန်ယက်သည် အစိုးရမဟုတ်သောအဖွဲ့အစည်းများ အသုံးပြုရာတွင်အဆင်ပြေစေရန် ကုလသမဂ္ဂ၏ခက်ဆစ်အဘိဓာန်ကို လိုက်လျောညီထွေဖြစ်အောင်ပြင်ဆင်ခဲ့ပြီး၊ ထိုဝေါဟာရများကိုလည်း မြန်မာဘာသာသို့ ပြန်ဆိုထားပါသည်။ အပိုဆောင်းရှင်းလင်းချက်ကိုလည်း ဖော်ပြထားပါ သည်။

## အပိုင်း (၁) စံသတ်မှတ်ချက်များ

## ၁.၁ အထွေထွေစည်းမျဉ်းများ - လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်မှုဂု၊ လိင်ပိုင်းဆိုင်ရာ မဖွယ်မရာပြုမှုနှင့် လက်မခံနိုင်သောအပြုအမူများ

### 1. ကုလသမဂ္ဂ၏ ကျင့်ဝတ်စံနှုန်းများ UN Standards of Conduct

ကုလသမဂ္ဂဝန်ထမ်းများလိုက်နာရမည့် အမူအကျင့်စံနှုန်းများကို ကုလသမဂ္ဂ၏ စည်းမျဉ်းစည်းကမ်းများနှင့် အခြားစီမံခန့်ခွဲရေးဆိုင်ရာ ထုတ်ပြန်ချက်များတွင် သတ်မှတ်ထားပြီး ကုလသမဂ္ဂဝန်ထမ်းမဟုတ်သည့် အခြားဝန်ထမ်းများ၏ အပြုအမူကိုထိန်းညှိရန်အတွက်လည်း ကုလသမဂ္ဂ၏ အခြားစာရွက်စာတမ်းများတွင် သတ်မှတ်ထားပါသည်။ ကုလသမဂ္ဂ၏ကျင့်ဝတ်စံနှုန်းများတွင် ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ အခြေခံမူများကို လေးစားလိုက်နာရန်တာဝန်ရှိပြီး အောက်ပါ အခြေခံမူများအတိုင်း အမြဲတမ်းလိုက်နာဆောင်ရွက်ရန်ဖြစ်သည် - အခြေခံလူ့အခွင့်အရေး၊ လူမှုရေးတရားမျှတမှု၊ လူသား၏ဂုဏ်သိက္ခာနှင့် တန်ဖိုးရှိမှုနှင့် အမျိုးသား၊ အမျိုးသမီးနှင့် နိုင်ငံအားလုံး (ကြီးငယ်မဟူ) ၏ တန်းတူအခွင့်အရေးကို လေးစားခြင်း။ လက်ရှိကုလသမဂ္ဂ၏ကျင့်ဝတ်စံနှုန်းများကို အထွေထွေညီလာခံ၏ဆုံးဖြတ်ချက် A/RES/76/257 ဖြင့် အတည်ပြုခဲ့ပြီး A/67/30 တွင် ဖော်ပြထားသည်။

### 2. လုံးဝ သည်းမခံသော မူဝါဒ Zero-tolerance policy

ဤမူဝါဒသည် ကုလသမဂ္ဂနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများနှင့် ဆက်စပ် နေသောဝန်ထမ်းများ၏ လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်မှုနှင့် မဖွယ်မရာပြုမှုကို တားမြစ်ထားခြင်းဖြစ်ပြီး မည်သည့်ဖောက်ဖျက်ကျူးလွန်မှုကိုမဆို အရေးယူခြင်းခံရပါမည်။ ကုလသမဂ္ဂနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်း အတော်တော်များများသည် အလုပ်ခွင်၌ လိင်ပိုင်းဆိုင်ရာနှောက်ယှက်မှုကို လုံးဝသည်းမခံ သော မူဝါဒရှိသည်။

### 3. လက်မခံနိုင်သောအပြုအမူ Misconduct

**ကုလသမဂ္ဂဝန်ထမ်းများအတွက်** - ဝန်ထမ်းတစ်ဦးသည် ကုလသမဂ္ဂပဋိညာဉ်စာတမ်း၊ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများ (သို့မဟုတ်) အခြားသက်ဆိုင်သည့် အုပ်ချုပ်ရေးဆိုင်ရာထုတ်ပြန်ချက်များအရ သတ်မှတ်ထားသည့် တာဝန်ဝတ္တရားများကို သူ (သို့မဟုတ်) သူမက လိုက်နာရန်ပျက်ကွက်ခြင်း (သို့မဟုတ်) နိုင်ငံတကာဝန်ထမ်းတစ်ဦးက လိုက်နာရန်တာဝန်ရှိသည့် အမူအကျင့်စံနှုန်းများကို လိုက်နာရန်ပျက်ကွက်ခြင်းတို့ကြောင့် လက်မခံနိုင်သောအပြုအမူ ဖြစ်ပေါ်လာနိုင်သည်။ လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်မှုနှင့် မဖွယ်မရာပြုမှုသည် ကြီးလေးသော လက်မခံနိုင်သောအပြုအမူဖြစ်ပြီး အရေးယူအပြစ်ပေးခြင်း လုပ်ငန်းစဉ်နှင့် အရေးယူ အပြစ်ပေးခြင်းအစီအမံများ ချမှတ်ရေးသို့ ဦးတည်စေနိုင်သည်။

**ကုလသမဂ္ဂဝန်ထမ်းမဟုတ်သူများအတွက်** - လက်မခံနိုင်သောအပြုအမူကို ဝန်ထမ်းများ၏ အပြုအမူကို ထိန်းညှိသော စာချုပ်စာတမ်းများအရ သတ်မှတ်သည်။ (ဥပမာ - အဖွဲ့အစည်း၏ကျင့်ဝတ်စည်းကမ်းကို ဖောက်ဖျက်သော လုပ်ရပ် (သို့မဟုတ်) ပျက်ကွက်မှု) လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်မှုနှင့် မဖွယ်မရာပြုမှုသည် ကြီးလေးသော လက်မခံနိုင်သော အပြုအမူဖြစ်သည်။

### 4. လိင်ပိုင်းဆိုင်ရာမဖွယ်မရာပြုမှု Sexual abuse

အတင်းအကြပ်(သို့မဟုတ်) အားချင်းမမျှတ (သို့မဟုတ်) အကျပ်ကိုင်မှု/ နိုင်ထက်စီးနင်း အခြေအနေများတွင် လိင်နှင့်ပတ်သက်သည့် ရုပ်ပိုင်းဆိုင်ရာကျူးကျော်မှုကို အမှန်တကယ်ကျူးလွန်ခြင်း (သို့မဟုတ်) ပြုလုပ်ရန် ခြိမ်းခြောက်ခြင်းဖြစ်သည်။ ကလေးတစ်ဦးနှင့် လိင်ဆက်ဆံမှုအပြုအမူအားလုံးကို လိင်ပိုင်းဆိုင်ရာမဖွယ်မရာပြုမှုဟု သတ်မှတ်သည်။ "ရုပ်ပိုင်းဆိုင်ရာကျူးကျော်မှု" ဆိုသည်မှာ "လိင်နှင့်ပတ်သက်သည့် လုပ်ဆောင်မှု" ကို ဆိုလိုသည်။ " လိင်ပိုင်းဆိုင်ရာမဖွယ်မရာပြုမှု" သည် ကျယ်ပြန့်သည့်အသုံးအနှုန်း ဖြစ်သည်။ ၎င်းတွင်"မုဒိမ်းကျင့်ခြင်း" "လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု" "ကလေးသူငယ်တစ်ဦးနှင့် လိင်ဆက်ဆံခြင်း" "ကလေးသူငယ်တစ်ဦးနှင့်လိင်ပိုင်းဆိုင်ရာ အမူကိစ္စဆောင်ရွက်ခြင်း" တို့ပါဝင်သည်။

5. **လိင်ပိုင်းဆိုင်ရာ ပြုမူဆောင်ရွက်မှု Sexual activity**

   လိင်နှင့်ပတ်သက်သည့် ရုပ်ပိုင်းဆိုင်ရာ ထိတွေ့မှု ဖြစ်သည်။

6. **လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ခြင်း Sexual exploitation**

လိင်ပိုင်းဆိုင်ရာရည်ရွယ်ချက်များဖြင့် ထိခိုက်လွယ်သည့်အနေအထား (သို့မဟုတ်) ကွဲပြားခြားနားသည့်အင်အား (သို့မဟုတ်) ယုံကြည်မှုကို အမှန်တကယ် အလွဲသုံးစားပြုခြင်း (သို့မဟုတ်) ကြံရွယ်ခြင်းဖြစ်သည်။ ထိုသို့ပြုလုပ်ခြင်းသည် သူတစ်ပါးအပေါ် လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ပြီး ငွေကြေး (သို့မဟုတ်) လူမှုရေး (သို့မဟုတ်) နိုင်ငံရေးအရ အမြတ်ထုတ်ခြင်းတို့ အပါအဝင်ဖြစ်သော်လည်း ဤမျှနှင့်ကန့်သတ် မထားပါ။

လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်ခြင်းဆိုသည်မှာ ကျယ်ပြန့်သောအသုံးအနှုန်းဖြစ်သည်။ ဤခက်ဆစ်အဘိဓါန်တွင် ပါဝင်သည့် "လိင်လုပ်ငန်း" "လိင်လုပ်ငန်းအတွက်မြှုဆွယ်ခြင်း" "ခေါင်းပုံဖြတ် ဆက်ဆံရေး" အစရှိသည့် ဆောင်ရွက်မှုတို့သည့် ဤအသုံးအနှုန်းနှင့် အကျုံးဝင်သည်။

7. **လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ခြင်းနှင့် မဖွယ်မရာပြုခြင်း Sexual exploitation and abuse (SEA)**

ST/SGB/2003/13 (လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်ခြင်းနှင့် လိင်ပိုင်းဆိုင်ရာ မဖွယ်မရာပြုမှုမှ ကာကွယ်ရန် အထူးအစီအမံများ) ပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကျူးလွန်ခြင်း (သို့မဟုတ်) မြန်မာနိုင်ငံရှိ လူသားချင်းစာနာထောက်ထားမှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းများတွင် ပါဝင်ပတ်သက် နေသောအဖွဲ့အစည်းများအားလုံးက လက်ခံအသုံးပြုနေသည့် အဓိပ္ပါယ်ဖွင့်ဆိုချက်များနှင့် တူညီသည်။

**၁.၂ လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်ခြင်းနှင့် မဖွယ်မရာပြုမှုဆိုင်ရာ စွပ်စွဲချက်များ၏ သဘောသဘာဝကို ဖော်ပြသည့် အထွေထွေအတွင်းရေးမှူးချုပ်၏ လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်ခြင်းနှင့် မဖွယ်မရာပြုမှုမှ ကာကွယ်ရန် အထူးအစီအမံများနှင့် ပတ်သက်သည့် အစီရင်ခံစာများတွင် အသုံးပြုသော ဝေါဟာရများ**

အောက်ပါဝေါဟာရများကို လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုနှင့် မဖွယ်မရာပြုမှုမှကာကွယ်ရန် အထူးအစီအမံများဆိုင်ရာအစီရင်ခံစာ (A/70/727) ၏ နောက်ဆက်တွဲဇယားများတွင်အသုံးပြုသည်။ လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုနှင့် မဖွယ်မရာပြုမှု၏ လက်ရှိအစီရင်ခံစာတွင် အသက် (၁၈)နှစ်အောက်လူတစ်ဦးကို ရည်ညွှန်းရာတွင် အရွယ်မရောက်သေးသူ နှင့် ကလေးဟူသော အသုံးအနှုန်းကို အပြန်အလှန်ဖလှယ်အသုံးပြုလေ့ရှိသည်။ ""ကလေး" ဟူသောအသုံးအနှုန်းသည် (ကလေးသူငယ်အခွင့်အရေးဆိုင်ရာ

သဘောတူညီချက်) နိုင်ငံတကာ တွင် အဓိပ္ပာယ်ဖွင့်ဆိုအသုံးပြုနေသည့် ဝေါဟာရဖြစ်သည့်အတွက် ပို၍ ကောင်းမွန်ပါသည်။

**8. မုဒိမ်းကျင့်ခြင်း Rape**

သဘောတူခွင့်ပြုချက်မရှိဘဲ လူတစ်ဦး၏ မည်သည့်ခန္ဓာကိုယ်အစိတ်အပိုင်းအတွင်းသို့မဆို လိင်အင်္ဂါဖြင့် (အနည်းငယ်ပင်ဖြစ်စေ) ထိုးသွင်းခြင်း နှင့်/သို့မဟုတ် သဘောတူခွင့်ပြုချက်မရှိဘဲ လူတစ်ဦး၏ လိင်အင်္ဂါ (သို့မဟုတ်) စအိုအတွင်းသို့ အရာဝတ္ထု (သို့မဟုတ်) ခန္ဓာကိုယ်အစိတ်အပိုင်းနှင့် ကျူးကျော်စော်ကားခြင်း ဖြစ်သည်။

မှတ်ချက်။ ဤဝေါဟာရကို ငြိမ်းချမ်းရေးလုပ်ငန်းများလုပ်ဆောင်နေသည့် အဖွဲ့အစည်းများမှလွဲ၍ အခြားအဖွဲ့အစည်းများအတွက် အထွေထွေအတွင်းရေးမှူးချုပ်၏ လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်မှုနှင့် မဖွယ်မရာပြုမှုမှ ကာကွယ်ရန် အထူးအစီအမံများဆိုင်ရာအစီရင်ခံစာ *(A/70/729)* တွင်အသုံးပြုသည်။

**9. လိင်ပိုင်းဆိုင်ရာ ကိုယ်ထိလက်ရောက်ကျူးလွန်မှု Sexual assault**

သဘောတူခွင့်ပြုချက်မရှိဘဲ အခြားသူတစ်ဦးနှင့် လိင်မှုကိစ္စဆောင်ရွက်ခြင်းဖြစ်သည်။ ခန္ဓာကိုယ်ပိုင်းဆိုင်ရာ ဂုဏ်သိက္ခာနှင့် လိင်ပိုင်းဆိုင်ရာကိုယ်ပိုင်လွတ်လပ်ခွင့်ကို ချိုးဖောက်ခံရခြင်းဖြစ်ပြီး "မုဒိမ်းကျင့်ခြင်း" နှင့်ပတ်သက်သည့် ကျဉ်းမြောင်းသော အတွေးအမြင်များထက် ပိုမိုကျယ်ပြန့်ပါသည်။ အဘယ်ကြောင့် ဆိုသော် ၎င်းကို (က) အတင်းအကြပ် (သို့) အကြမ်းဖက်ခြင်းအပြင် အခြားသောနည်းလမ်းများဖြင့်လည်း ကျူးလွန်နိုင်ခြင်းနှင့် (ခ) ထိုးသွင်းဝင်ရောက်မှုမရှိဘဲ ကျူးလွန်ခြင်းလည်းဖြစ်နိုင်ပါသည်။

**10. အရွယ်မရောက်သေးသူ တစ်ဦးနှင့်လိင်ဆက်ဆံခြင်း Sex with a minor**

အသက် (၁၈) နှစ်အောက် လူတစ်ဦးနှင့် လိင်ပိုင်းဆိုင်ရာထိုးဖောက်မှုကို ပြုလုပ်ခြင်းဖြစ်သည်။ လိင်ပိုင်းဆိုင်ရာထိုးဖောက်မှုတွင် လိင်တံ (သို့မဟုတ်) အခြားခန္ဓာကိုယ်အစိတ်အပိုင်းနှင့် ယောနိ၊ စအို (သို့မဟုတ်) ပါးစပ်အတွင်းသို့ ထိုးသွင်းခြင်းများပါဝင်သည်။ ထို့အပြင် အရာဝတ္ထုတစ်ခုနှင့် ယောနိ (သို့မဟုတ်) စအိုအတွင်းသို့ ထိုးသွင်းခြင်းများလည်းပါဝင်သည်။ ဒေသအလိုက် အရွယ်ရောက်ပြီးသူဟု သတ်မှတ်သည့်အသက်အရွယ်နှင့် သဘောတူခွင့်ပြုခြင်းတို့ မည်သို့ပင်ရှိစေကာမူ ကလေးသူငယ်တစ်ဦးနှင့် လိင်ပိုင်းဆိုင်ရာထိုးဖောက်မှုကို တားမြစ်ထားပြီး လိင်ပိုင်းဆိုင်ရာမဖွယ်မရာပြုအဖြစ် သတ်မှတ်သည်။

မှတ်ချက်။ ဤဝေါဟာရကို ငြိမ်းချမ်းရေးလုပ်ငန်းများလုပ်ဆောင်နေသည့် အဖွဲ့အစည်းများမှလွဲ၍ အခြားအဖွဲ့အစည်းများအတွက် အထွေထွေအတွင်းရေးမှူးချုပ်၏ လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်မှုနှင့် မဖွယ်မရာပြုမှုမှ ကာကွယ်ရန် အထူးအစီအမံများဆိုင်ရာအစီရင်ခံစာ *(A/70/729)* တွင်အသုံးပြုသည်။

**11. အရွယ်မရောက်သေးသူ တစ်ဦးနှင့်လိင်ပိုင်းဆိုင်ရာ အမှုကိစ္စဆောင်ရွက်ခြင်း Sexual activity with a minor**

အသက် (၁၈) နှစ်အောက် လူတစ်ဦးနှင့် လိင်ဆက်ဆံမှု ပြုလုပ်ခြင်းဖြစ်သည်။ ဒေသအလိုက် အရွယ်ရောက်ပြီးသူဟု သတ်မှတ်သည့်အသက်အရွယ်နှင့် သဘောတူခွင့်ပြုခြင်းတို့ မည်သို့ပင်ရှိစေကာမူ ကလေးသူငယ်တစ်ဦးနှင့် လိင်ဆက်ဆံမှုပြုလုပ်ခြင်းကို တားမြစ်ထားပြီး လိင်ပိုင်းဆိုင်ရာ အလွဲသုံးစားမှု အဖြစ်သတ်မှတ်သည်။ ကလေးသူငယ်၏အသက်ကို မှားယွင်းစွာယုံကြည်မိသည်ဟု ကာကွယ်ခြင်းကို လက်မခံပါ။

မှတ်ချက်။ ဤဝေါဟာရကို ငြိမ်းချမ်းရေးလုပ်ငန်းများလုပ်ဆောင်နေသည့် အဖွဲ့အစည်းများအတွက် အထွေထွေ အတွင်းရေးမှူးချုပ်၏ လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်မှုနှင့် မဖွယ်မရာပြုမှုမှ ကာကွယ်ရန် အထူးအစီအမံများဆိုင်ရာအစီရင်ခံစာ *(A/70/729)* တွင်အသုံးပြုသည်။

## 12. ဖခင်ဖြစ်ခြင်း Paternity

တစ်စုံတစ်ဦး၏ ဇီဝဗေဒဖခင်ဖြစ်မှု အခြေအနေဖြစ်သည်။ လူတစ်ဦးသည် ကလေးတစ်ဦး၏ ဇီဝဗေဒ ဖခင်ဖြစ်သည်ဟု စွပ်စွဲခံရသည့် တရားဥပဒေကြောင်းအရ အငြင်းပွားမှုများတွင် မကြာခဏတွေ့ကြုံရသည်။

## 13. အကျိုးအမြတ်အတွက်လိင်ဆက်ဆံခြင်း Transactonal sex

ငွေကြေး၊ အလုပ်အကိုင်၊ ကုန်ပစ္စည်းများ (သို့မဟုတ်) ဝန်ဆောင်မှုများရရှိရန် လိင်ဆက်ဆံမှုဖြင့် ဖလှယ်ခြင်းဖြစ်သည်။ လိင်ပိုင်းဆိုင်ရာမျက်နှာသာပေးခြင်းဖြင့် အရှက်တကွဲဖြစ်ခြင်း၊ ဂုဏ်သိက္ခာ ကျဆင်းခြင်း၊ အမြတ်ထုတ်ခံရခြင်း စသည့်တို့ကိုဖြစ်ပေါ်စေသည့် အပြုအမူမျိုးလည်းပါဝင်သည်။ ၎င်းတွင် အကျိုးအမြတ်ရလိုမှုကြောင့် အပြန်အလှန်သဘောမျိုးပြုလုပ်ပေးသည့် မည်သည့်ကူညီ ဆောင်ရွက်မှုမျိုးမဆို ပါဝင်သည်။

လိင်မှု ကိစ္စ (လိင်ပိုင်းဆိုင်ရာမျက်နှာသာပေးခြင်းအပါအဝင်) ဆိုသည်မှာ "လိင်ဆက်ဆံမှုပြုခြင်း" ဟု နားလည်လက်ခံကြသည်။ ဤဝေါဟာရကို ငြိမ်းချမ်းရေးလုပ်ငန်းများလုပ်ဆောင်နေသည့် အဖွဲ့ အစည်း များအတွက် အထွေထွေအတွင်းရေးမှူးချုပ်၏ လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်မှုနှင့် မဖွယ်မရာပြုမှုမှ ကာကွယ်ရန် အထူးအစီအမံများဆိုင်ရာအစီရင်ခံစာ *(A/70/729)* တွင်အသုံးပြုသည်။ ဤအသုံးအနှုန်းကို A/70/729နှင့် ယခင်ကထုတ်ပြန်ခဲ့သည့် ငြိမ်းချမ်းရေးလုပ်ငန်းများလုပ်ဆောင်နေ သည့်အဖွဲ့အစည်းများမှ လွဲ၍ အခြားအဖွဲ့အစည်းများအတွက် အထွေထွေအတွင်းရေးမှူးချုပ်၏ လိင်ပိုင်း ဆိုင်ရာခေါင်းပုံဖြတ်မှု နှင့် မဖွယ်မရာပြုမှုမှကာကွယ်ရန် အထူးအစီအမံများဆိုင်ရာအစီရင်ခံစာ *(A/70/729)* တွင် အသုံးပြုခဲ့ သည့် "ငွေကြေး၊ အလုပ်အကိုင်၊ ကုန်ပစ္စည်းများ (သို့မဟုတ်) ဝန်ဆောင်မှုများရရှိရန် လိင်ဆက်ဆံမှုဖြင့် လဲလှယ်ခြင်း" ဟူသောအသုံးအနှုန်းကို အစားထိုးသည်။

## 14. အကျိုးအမြတ်အတွက်လိင်ဆက်ဆံမှုပြုလုပ်ရန် မြှူဆွယ်ခြင်း Solicitation of transactional sex

အကျိုးအမြတ်အတွက်လိင်ဆက်ဆံမှုပြုလုပ်ရန် တောင်းဆိုခြင်းဖြစ်သည်။

မှတ်ချက်။ ဤအသုံးအနှုန်းကို A/70/729နှင့် ယခင်ကထုတ်ပြန်ခဲ့သည့် ငြိမ်းချမ်းရေးလုပ်ငန်းများ လုပ်ဆောင်နေသည့်အဖွဲ့အစည်းများမှလွဲ၍ အခြားအဖွဲ့အစည်းများအတွက် အထွေထွေအတွင်းရေးမှူးချုပ်၏ လိင်ပိုင်း ဆိုင်ရာခေါင်းပုံဖြတ်မှုနှင့် မဖွယ်မရာပြုမှုမှကာကွယ်ရန် အထူးအစီအမံများဆိုင်ရာ အစီရင်ခံစာ *(A/70/729)* တွင် အသုံးပြုခဲ့သည့် "ပြည့်တန်ဆာတစ်ဦးအတွက် မြှူဆွယ်ခြင်း" ဟူသော အသုံးအနှုန်းကို အစားထိုးသည်။

## 15. ပြည့်တန်ဆာတစ်ဦးကမြှူဆွယ်ခြင်း Solicitation of a prostitute

အကျိုးအမြတ်အတွက်လိင်ဆက်ဆံမှုပြုလုပ်ရန် မြှူဆွယ်ခြင်းတွင် ကြည့်ပါ။

## 16. အမြတ်ထုတ်သောဆက်ဆံရေး Exploitative relationship

လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်မှုပါဝင်သည့် ဆက်ဆံရေးဖြစ်သည်။ (ဥပမာ- လိင်ပိုင်းဆိုင်ရာ ရည်ရွယ်ချက်များဖြင့် ထိခိုက်လွယ်သည့်အနေအထား (သို့မဟုတ်) ကွဲပြားခြားနားသည့်အင်အား (သို့မဟုတ်) ယုံကြည်မှုကို အမှန်တကယ် အလွဲသုံးစားပြုခြင်း (သို့မဟုတ်) ကြံရွယ်ခြင်းဖြစ် သည်။ ထိုသို့ပြုလုပ်ခြင်းသည် သူတစ်ပါးအပေါ် လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ပြီး ငွေကြေး (သို့မဟုတ်) လူမှုရေး (သို့မဟုတ်) နိုင်ငံရေးအရ အမြတ်ထုတ်ခြင်းတို့ အပါအဝင်ဖြစ်သော်လည်း ဤမျှနှင့်ကန့်သတ် မထားပါ။)

မှတ်ချက်။ ဤဝေါဟာရကို ငြိမ်းချမ်းရေးလုပ်ငန်းများလုပ်ဆောင်နေသည့် အဖွဲ့အစည်းများအတွက် အထွေထွေ အတွင်းရေးမှူးချုပ်၏ လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်မှုနှင့် မဖွယ်မရာပြုမှုမှ ကာကွယ်ရန် အထူးအစီအမံများဆိုင်ရာအစီရင်ခံစာ *(A/70/729)* တွင်အသုံးပြုသည်။

## 17. လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်ရန် လူကုန်ကူးမှုပြုလုပ်ခြင်း Traffacking of persons for sexual exploitation

လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ရန်ရည်ရွယ်ချက်ဖြင့် လူများအား စုဆောင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လက်လွှဲခြင်း၊ ခိုလှုံခွင့်ပေးခြင်း (သို့မဟုတ်) လက်ခံထားခြင်းဖြစ်သည်။ ထိုသို့ပြုလုပ်ရာတွင် ခြိမ်းခြောက်ခြင်း (သို့မဟုတ်) အင်အားသုံးခြင်း (သို့မဟုတ်) ပုံစံမျိုးစုံဖြင့် အတင်းအကျပ်ပြုလုပ်ခြင်းများ (အဓမ္မ ခေါ်ဆောင်ခြင်း၊ လိမ်လည်ခြင်း၊ လှည့်ဖြားခြင်း၊ အာဏာ (သို့မဟုတ်) အားနည်းချက်ကို အလွဲသုံးစားပြုခြင်း (သို့မဟုတ်) ငွေပေးခြင်း (သို့မဟုတ်) ငွေလက်ခံရယူခြင်း (သို့မဟုတ်) လူတစ်ဦး၏ အုပ်ထိန်းသူထံမှ ခွင့်ပြုချက်ရရှိရန် အကျိုးအမြတ်ဖြင့် ဖြားယောင်းခြင်း) စသည့်နည်းလမ်းများကို အသုံးပြုသည်။

မှတ်ချက်။ ဤဝေါဟာရကို ငြိမ်းချမ်းရေးလုပ်ငန်းများလုပ်ဆောင်နေသည့် အဖွဲ့အစည်းများအတွက် အထွေထွေ အတွင်းရေးမှူးချုပ်၏ လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်မှုနှင့် မဖွယ်မရာပြုမှုမှ ကာကွယ်ရန် အထူးအစီအမံများဆိုင်ရာအစီရင်ခံစာ *(A/70/729)* တွင်အသုံးပြုသည်။

## ၁.၃ ဆက်စပ်အသုံးအနှုန်းများ - လူ့အခွင့်အရေးနှင့်အခြားကဏ္ဍများ

အောက်ဖော်ပြပါအသုံးအနှုန်းများသည် အချို့သောလိင်သဘာဝ၏ အမူအကျင့် (သို့မဟုတ်) အပြုအမူများကို ဖော်ပြရာတွင် အသုံးပြုနိုင်သည်။ ၎င်းတို့ကို များသောအားဖြင့် မတူညီသည့် အခြေအနေများတွင် အသုံးပြုလေ့ရှိပြီး OHCHR, OSRSG SVC, UNICEF,UN Women တို့အပါအဝင်ဖြစ်သည့် ကုလသမဂ္ဂအဖွဲ့ အစည်းများ၏ အထူးအစီအမံအစီရင်ခံစာများထက် အခြားအစီရင်ခံစာများတွင် အသုံးပြုသည်။ လိင်ပိုင်း ဆိုင်ရာခေါင်းပုံဖြတ်ခြင်းနှင့် မဖွယ်မရာပြုမှုကို လူ့အခွင့်အရေးအမြင်များမှတဆင့် ကြည့်ရှုရန်သဘော တူညီထားသော်လည်း SEA သည် လူ့အခွင့်အရေးချိုးဖောက်မှု (သို့မဟုတ်) ပဋိပက္ခနှင့်ဆက်နွယ်သော လိင်အကြမ်းဖက်မှုများ၏ မည်သည့်စံသတ်မှတ်ချက်များအောက်တွင် ထားရှိရမည်ကို ကုလသမဂ္ဂက ဆုံးဖြတ်ရန် ဆောင်ရွက်နေသည်။

## 18. လူ့အခွင့်အရေးချိုးဖေါက်မှု Human rights violation

နိုင်ငံ၏၊ ဒေသဆိုင်ရာနှင့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေများက အာမခံသော အခွင့်အရေး များအား နိုင်ငံတစ်ခုက ဖေါက်ဖျက်ကျူးလွန်ခြင်းဖြစ်သည်။ လူ့အခွင့်အရေးစံချိန်စံညွှန်းများအရ တရားဝင်

တာဝန်ဝတ္တရားများကို အကောင်အထည်ဖော်ရန် ပျက်ကွက်ခြင်းနှင့်ပတ်သက်သော နိုင်ငံတစ်ခု၏ ဆောင်ရွက်ချက်များနှင့် ဆောင်ရွက်ရန်ပျက်ကွက်ခြင်းတို့ ဖြစ်သည်။

## 19. လူ့အခွင့်အရေး Human rights

လူတစ်ဦးချင်းစီနှင့် လူအုပ်စုများ၏ အခြေခံလွတ်လပ်ခွင့်များ၊ ရပိုင်ခွင့်များနှင့် လူ့ဂုဏ်သိက္ခာကို ထိပါးစေသောလုပ်ရပ်များနှင့် လုပ်ဆောင်ရန်ပျက်ကွက်မှုများမှ ကာကွယ်မည့် အပြည်ပြည်ဆိုင်ရာ ဥပဒေဆိုင်ရာ အာမခံချက်များဖြစ်သည်။ ၎င်းတို့သည် လူသားအားလုံးနှင့်သက်ဆိုင်ပြီး လူတစ်ဦးချင်းစီ၏ ဂုဏ်သိက္ခာနှင့် တန်ဖိုးကို လေးစားမှုအပေါ်အခြေခံသည်။ အထူးသဖြင့် အမျိုးသားဥပဒေများ၊ နှစ်နိုင်ငံ၊ ဒေသဆိုင်ရာနှင့် နိုင်ငံတကာစာချုပ်များ၊ စံချိန်စံညွှန်းများနှင့်စံသတ်မှတ်ချက်များ၊ ဓလေ့ထုံးတမ်းဆိုင်ရာနိုင်ငံတကာဥပဒေ၊ အထွေထွေဥပဒေများနှင့် နိုင်ငံတကာဥပဒေ၏ ရင်းမြစ်များမှတဆင့် လူ့အခွင့်အရေးများကို ထုတ်ဖော်ပြောဆိုခြင်း၊ အားပေးခြင်းနှင့် အာမခံချက်ပေးခြင်းတို့ကို ပြုလုပ်သည်။

## 20. ပဋိပက္ခနှင့်ဆက်နွယ်သော လိင်အကြမ်းဖက်မှု Conflict-related sexual violence

ပဋိပက္ခတစ်ခုနှင့် တိုက်ရိုက် (သို့မဟုတ်) သွယ်ဝိုက်၍ (ယာယီဖြစ်စေ၊ ပထဝီအနေအထားအရဖြစ်စေ၊ အမှတ်မထင်ဖြစ်စေ) ဆက်နွယ်မှုရှိသည့် အမျိုးသမီးများ၊ အမျိုးသားများ၊ မိန်းကလေးများနှင့် ယောကျ်ားလေးများအပေါ် ကျူးလွန်သည့် အဖြစ်အပျက်များ (သို့မဟုတ်) လိင်အကြမ်းဖက်မှုပုံစံများဖြစ်ပြီး မုဒိမ်းကျင့်ခြင်း၊ လိင်ကျွန်ပြုခြင်း၊ အတင်းအကြပ်ပြည့်တန်ဆာအဖြစ်စေခိုင်းခြင်း၊ အတင်းအကြပ် ကိုယ်ဝန်ဆောင်စေခြင်း၊ အတင်းအကြပ်ကိုယ်ဝန်ဖျက်ချခြင်း၊ အတင်းအကြပ်သားကြောဖြတ်ခြင်း၊ အတင်းအကြပ်လက်ထပ်ထိမ်းမြားခြင်းနှင့် အခြားသော အလားတူကြီးလေးသည့် လိင်အကြမ်းဖက်မှုများပါဝင်သည်။

ပဋိပက္ခနှင့်ဆက်နွယ်မှုသည် ပြစ်မှုကျူးလွန်သူ၏ နောက်ခံအကြောင်းအရာ (အစိုးရ (သို့မဟုတ်) အစိုးရမဟုတ်သော လက်နက်ကိုင်အုပ်စုနှင့် အများအားဖြင့်ဆက်နွယ်သည်)၊ ကျူးလွန်ခံရသူ၏ နောက်ခံအကြောင်းအရာ (နိုင်ငံရေး၊ လူမျိုးစု (သို့မဟုတ်) ဘာသာရေးအားဖြင့် ဖိနှိပ်ခံ လူနည်းစုဝင်တစ်ဦး ဖြစ်လေ့ရှိသည်)၊ မကောင်းမှုပြုလုပ်သော်လည်း အပြစ်ပေးခံရခြင်းမရှိသည့်အခြေအနေ (ယေဘုယျအားဖြင့် နိုင်ငံတစ်ခုပြိုကွဲခြင်းနှင့်ဆက်စပ်သည်)၊ နယ်စပ်ဖြတ်ကျော်မှုများ၏ အကျိုးဆက်များ (ဥပမာ - နေရပ်စွန့်ခွာရွှေ့ပြောင်းခြင်း (သို့မဟုတ်) လူကုန်ကူးခြင်း) နှင့် / သို့မဟုတ် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်၏ စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်းစသည့် အချက်များတွင် ပေါ်လွင်ထင်ရှားသည်။

## 21. လိင်အကြမ်းဖက်မှု Sexual violence

လူတစ်ဦး (သို့မဟုတ်) တစ်ဦးထက်ပိုသူများကို လိင်ပိုင်းဆိုင်ရာပြုကျင့်ခြင်းများပြုလုပ်ခြင်း (သို့မဟုတ်) ထိုပုဂ္ဂိုလ် (သို့မဟုတ်) ထိုပုဂ္ဂိုလ်များအား လိင်ပိုင်းဆိုင်ရာအပြုအမူတစ်ခုတွင် ပါဝင်စေခြင်းဖြစ်သည်။ ထိုသို့ပြုလုပ်ရာတွင် အတင်းအကြပ်ပြုခြင်း (သို့မဟုတ်) အင်အားဖြင့်ခြိမ်းခြောက်ခြင်း (သို့မဟုတ်) အကြမ်းဖက်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ ဖမ်းဆီးထိန်းသိမ်းခြင်း၊ စိတ်ပိုင်းဆိုင်ရာဖိနှိပ်ခြင်း (သို့မဟုတ်) အာဏာကိုအလွဲသုံးစားပြုခြင်း အစရှိသည်တို့ဖြင့် ကြောက်ရွံ့စေပြီး အတင်းအကျပ်ပြုလုပ်ခြင်း (သို့မဟုတ်) ဘေးကျပ်နံကျပ်ဖြစ်စေသည့်အခြေအနေမျိုးအပေါ် (သို့မဟုတ်) စစ်မှန်သောခွင့်ပြုချက်ပေးရန် မတတ်နိုင်သည့် ပုဂ္ဂိုလ်တစ်ဦး (သို့မဟုတ်) ပုဂ္ဂိုလ်များအပေါ် အခွင့်ကောင်းယူခြင်း စသည့်နည်းလမ်းများကို အသုံးပြုသည်။

လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုပုံစံများတွင် မုဒိမ်းကျင့်ခြင်း၊ မုဒိမ်းကျင့်ရန်အားထုတ်ခြင်း၊ အတင်းအတင်းအကြပ်ပြည့်တန်ဆာအဖြစ်စေခိုင်းခြင်း၊ လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုနှင့် မဖွယ်မရာပြုခြင်း၊ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ရန်ရည်ရွယ်သည့် လူကုန်ကူးခြင်း၊ ကလေးညစ်ညမ်း ရုပ်ပုံများ၊ ရုပ်ရှင်များတွင် ပါဝင်စေခြင်း၊ ကလေးပြည့်တန်ဆာအဖြစ်စေခိုင်းခြင်း၊ လိင်ကျွန်ပြုခြင်း၊ အတင်းအကြပ် လက်ထပ်ထိမ်းမြားခြင်း၊ အတင်းအကြပ်ကိုယ်ဝန်ဆောင်စေခြင်း၊ အများမြင်ကွင်းတွင် အတင်းအကြပ် ဝတ်လစ်စလစ်နေခိုင်းခြင်း၊ အပျိုစင်စစ်ဆေးခြင်းကို အတင်းအကျပ်ပြုလုပ်ခြင်း အစရှိသည်တို့ပါဝင်သည်။

## 22. ကျားမရေးရာ အခြေပြု အကြမ်းဖက်မှု Gender-based violence

အကြမ်းဖက်မှုကို ခြုံငုံဖော်ပြသည့်အသုံးအနှုန်းဖြစ်သည် (သို့မဟုတ်) ကျားမဆိုင်ရာ ကွဲပြား ခြားနားမှုအပေါ်တွင် အမှန်တကယ် (သို့မဟုတ်) လက်ခံထားသည့် သတ်မှတ်ချက်များကြောင့် တစ်စုံ တစ်ဦးအပေါ် တွင် အချိုးမညီစွာ အကျိုးသက်ရောက်မှုဖြစ်စေခြင်းကို ဆိုလိုသည်။ ကျားမအခြေပြုအကြမ်းဖက်မှုဆိုသည့် အသုံးအနှုန်းမှာ ကမ္ဘာတစ်ဝန်းလုံးတွင် ကိုယ်ခန္ဓာဖွဲ့စည်းတည်ဆောက်ပုံ၊ ကျားမ အခြေပြု လုပ်ဆောင်နိုင်စွမ်းကွဲပြားမှုအပေါ်အခြေခံကာ အမျိုးသမီးများနှင့် မိန်းကလေးငယ်များအတွက် အကြမ်းဖက်မှုပုံစံအမျိုးမျိုး ကြုံတွေ့နိုင်သည့်အန္တရာယ်ကို အလေးထားဖော်ပြရန်အသုံးပြုသည့် အသုံးအနှုန်းဖြစ်ပါသည်။ ၄င်းမှာ ရုပ်ပိုင်းဆိုင်ရာ၊ လိင်ပိုင်းဆိုင်ရာ (သို့မဟုတ်) စိတ်ပိုင်းဆိုင်ရာ ထိခိုက်ခံစားရစေခြင်းများအပြင် အကြမ်းဖက်မည်ဟု ခြိမ်းခြောက်ခြင်း၊ အတင်းအကြပ်ဖိအားပေးလုပ်ဆောင်စေခြင်းနှင့် လွတ်လပ်မှုကိုထိခိုက်စေခြင်းတို့ ပါဝင်ပြီး အများပြည်သူရှေ့တွင် (သို့မဟုတ်) သီးသန့်လည်း ဖြစ်ပေါ်စေနိုင်ပါသည်။ ကျားမအခြေပြု အကြမ်းဖက်မှု၏ ဆင်းရဲဒုက္ခများကို အမျိုးသမီးများနှင့် မိန်းကလေးငယ်များက ပိုမိုတွေ့ကြုံနိုင်သော်လည်း အမျိုးသားများနှင့် ယောကျ်ားလေးငယ်များလည်း ကြုံတွေ့နိုင်ပါသည်။ အဆိုပါ အသုံးအနှုန်းကို အခြားဦးတည်ထားသည့်အုပ်စုများဖြစ်သော ယောကျ်ားလျာများ၊ မိန်းမလျာများ၊ လိင်စိတ်နှစ်မျိုးရှိသူများ၊ လိင်ပြောင်းထားသူများနှင့် လိင်နှစ်မျိုးရှိသူဒွိလိင် (LGBTI) များအတွက်ကိုလည်း အသုံးပြုပါသည်။ အဆိုပါကိစ္စမျိုးတွင် အကြမ်းဖက်မှုသည် ယောကျ်ားပီသခြင်း/ မိန်းမပီသခြင်း (နှင့်/သို့မဟုတ်) ကျားမရေးရာ စံနှုန်းများကို ရည်ညွှန်းပါသည်။

## 23. အမျိုးသမီးများကို အကြမ်းဖက်ခြင်း Violence against women

ကျားမအခြေပြုအကြမ်းဖက်ခြင်း၏ရလဒ် (သို့မဟုတ်) ဖြစ်ပေါ်လာနိုင်သည့် ရလဒ်များမှာ ရုပ်ပိုင်းဆိုင်ရာ၊ လိင်ပိုင်းဆိုင်ရာ (သို့မဟုတ်) စိတ်ပိုင်းဆိုင်ရာထိခိုက်ခံစားရစေခြင်းများ (သို့မဟုတ်) အမျိုးသမီးများကို ဆင်းရဲဒုက္ခခံစားစေသည့် အကြမ်းဖက်မည်ဟု ခြိမ်းခြောက်ခြင်း၊ အတင်းအကြပ် ဖိအားပေးလုပ်ဆောင်စေခြင်းနှင့် မတရားသဖြင့် လွတ်လပ်မှုကို ထိခိုက်စေခြင်းတို့ပါဝင်ပြီး အများပြည်သူရှေ့တွင် (သို့မဟုတ်) သီးသန့်လည်း ဖြစ်ပေါ်စေနိုင်ပါသည်။ အမျိုးသမီးများအားအကြမ်းဖက်မှု အဓိပ္ပါယ်ကို အောက်ပါအတိုင်း ခြုံငုံ နားလည်နိုင် ပါသည်။ သို့သော်လည်း အောက်ပါအချက်များသာ မဟုတ်ကြောင်း သိရန်လိုအပ်ပါသည်-

(က) ရိုက်နှက်ခြင်း၊ အိမ်ထောင်စုအတွင်းရှိ ကလေး (မိန်းကလေး) များအား လိင်ပိုင်းဆိုင်ရာ မဖွယ်မရာ ပြုခြင်း၊ ခန်းဝင်ပစ္စည်းနှင့် ဆက်နွယ်သော အကြမ်းဖက်မှု၊ အိမ်ထောင်ဖက်ကို မတရားပြုကျင့်ခြင်း၊ အမျိုးသမီး၏လိင်အင်္ဂါဖြတ်တောက်ခြင်းနှင့် အမျိုးသမီးများကိုထိခိုက်စေသော အခြားရိုးရာယုံကြည်မှုအလေ့အထများ၊ အိမ်ထောင်ဖက်မဟုတ်သူမှ အကြမ်းဖက်ခြင်းနှင့် လိင်ပိုင်း

ဆိုင်ရာအမြတ်ထုတ်ခြင်းနှင့်ဆက်စပ်သော အကြမ်းဖက်ခြင်းများအပါအဝင် မိသားစုအတွင်း ဖြစ်ပေါ်သည့် ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၊ စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၊

(ခ) မုဒိမ်းကျင့်ခြင်း၊ လိင်ပိုင်းဆိုင်ရာမဖွယ်မရာပြုခြင်း၊ အလုပ်ဌာန၊ ပညာရေးအဖွဲ့အစည်းများနှင့် အခြား နေရာများတွင် လိင်ပိုင်းဆိုင်ရာနှောက်ယှက်ခြင်းနှင့် ခြိမ်းခြောက်ခြင်း၊ အမျိုးသမီးများကို လူကုန်ကူး ခြင်းနှင့် အတင်းအကြပ်ပြည့်တန်ဆာပြုလုပ်စေခြင်းအပါအဝင် ရပ်ရွာလူထုအသိုင်းအဝိုင်းအတွင်း ဖြစ်ပေါ်သော ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်မှု၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု၊ စိတ်ပိုင်းဆိုင်ရာ အကြမ်း ဖက်မှု၊

(ဂ) မည်သည့်နေရာတွင်ဖြစ်ပါစေ နိုင်ငံတော်မှ ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်မှု၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု၊ စိတ်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ ကျူးလွန်ခြင်း (သို့မဟုတ်) အရေးမယူပဲ ခွင့်ပြုထားခြင်း၊

## 24. လိင်ပိုင်းဆိုင်ရာ ထိပါးနှောက်ယှက်ခြင်း Sexual harassment

လိင်ပိုင်းဆိုင်ရာ ထိပါးနှောက်ယှက်ခြင်းသည် လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်မှု မဖွယ်မရာ ပြုမှု (SEA) တွင် မပါဝင်ပါ။ လိင်ပိုင်းဆိုင်ရာ ထိပါးနှောက်ယှက်ခြင်း ဆိုသည်မှာ လုပ်ငန်းခွင်တွင် တားမြစ်ထားသော အပြုအမူဖြစ်ပြီး ကုလသမဂ္ဂဝန်ထမ်းများနှင့် ဆက်နွယ်သောပုဂ္ဂိုလ်များအပေါ် ထိုကဲ့သို့ကျူးလွန်မှုများ လည်းဖြစ်ပေါ်နိုင်ပါသည်။ ကုလသမဂ္ဂလုပ်ငန်းခွင်တွင် လိင်ပိုင်းဆိုင်ရာထိပါးနှောက်ယှက်ခြင်းဆိုသည်မှာ အိမ်ရှင်နိုင်ငံမှဝန်ထမ်းများအပါအဝင် အခြားကုလသမဂ္ဂဝန်ထမ်းများနှင့် ဆက်စပ်ဝန်ထမ်းများအပေါ်၌ အဆိုပါတားမြစ်ထာသည့်အပြုအမူကို ကျူးလွန်ခြင်းဟု အဓိကသတ်မှတ်သည်။ ကုလသမဂ္ဂဝန်ထမ်းများအတွက် တားမြစ်ချက်များကို ST/SGB/2008/5 တွင် ဖော်ပြထားပါသည်။ ယူနီဖောင်းဝတ်ဝန်ထမ်းများအတွက် အလားတူညွှန်ကြားချက်များတွင်လည်း မလိုလားအပ်သော လိင်ပိုင်းဆိုင်ရာ မြူဆွယ်သွေးဆောင်မှုများ၊ လိင်ပိုင်းဆိုင်ရာ မျက်နှာသာပေးရန် တောင်းဆိုမှုများ၊ တဏှာရာဂဖြင့် စကား (သို့မဟုတ်) ကိုယ်ထိလက်ရောက်အပြုအမူ (သို့မဟုတ်) အမူအရာပြခြင်းများ၊ (သို့မဟုတ်) အခြားသူတစ်ဦးကို ထိခိုက်ခြင်း (သို့မဟုတ်) အရှက်တကွဲအကျိုးနဲစေခြင်းတို့ကို ဖြစ်ပေါ်စေနိုင်သည်ဟု ကျိုးကြောင်းဆီလျော်စွာမျှော်လင့်ရသော (သို့မဟုတ်) လေ့လာမိသော အခြားသောတဏှာရာဂနှင့် ကိုယ်ထိလက်ရောက်ကျူးလွန်မှုများ ပါဝင်သည်။ အဆိုပါအပြုအမူများသည် ခြိမ်းခြောက်ခြင်း၊ ရန်လိုခြင်း (သို့မဟုတ်) စိတ်အနှောက်အယှက်ဖြစ်ခြင်းစသည့် လုပ်ငန်းခွင်အနေအထားကို ဖြစ်ပေါ် စေပါသည်။
တဏှာရာဂနှင့် ချဉ်းကပ်သော အပြုအမူ၊ အမူအကျင့်များ၏ အတိုင်းအတာသည် ST/SGB/2003/13 တွင် ဖော်ပြထားသော လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ခြင်း (သို့မဟုတ်) လိင်ပိုင်းဆိုင်ရာ မဖွယ်မရာပြုခြင်းကဲ့သို့ ပမာဏရှိလာပါက လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ခြင်း၊ မဖွယ်မရာပြုခြင်းဟုသတ်မှတ်ပါသည်။

ကုလသမဂ္ဂစည်းမျဉ်းစည်းကမ်းများ၏ပြင်ပတွင် လိင်ပိုင်းဆိုင်ရာ ထိပါးနှောက်ယှက်မှု၏ အဓိပ္ပါယ်ဖွင့်ဆိုချက်သည် ပိုမိုကျယ်ပြန့်ပြီး လုပ်ငန်းခွင်ပတ်ဝန်းကျင်နှင့်ချိတ်ဆက်ရန် မလိုအပ်ပါ။ လိင်ပိုင်းဆိုင်ရာ ထိပါးနှောက်ယှက်မှုဆိုသည်မှာ တဏှာရာဂဖြင့် ချဉ်းကပ်မှုနှင့် ပတ်သက်၍ လူတစ်ဦး၏ ဂုဏ်သိက္ခာကို ထိပါးစေရန် ရည်ရွယ်သော (သို့မဟုတ်) အကျိုးသက်ရောက်စေသော မည်သည့်ပုံစံနှင့်မဆို မလိုလားအပ်သော နှုတ်ဖြင့်ပြောဆိုမှု၊ နှုတ်ဖြင့်ပြောဆိုခြင်းမဟုတ်သော (သို့မဟုတ်) ကိုယ်ထိလက်ရောက်

အပြုအမူများကို ဆိုလိုသည်။ အထူးသဖြင့် ခြိမ်းခြောက်ခြင်း၊ ရန်လိုခြင်း၊ ဂုဏ်သိက္ခာညှိုးနွမ်းစေခြင်း ၊ အရှက်တကွဲအကျိုးနဲဖြစ်စေခြင်း (သို့မဟုတ်) စိတ်အနှောက်အယှက်ဖြစ်စေခြင်း စသည့် ပတ်ဝန်းကျင်အနေအထား မျိုးကို ဖန်တီးသည့်အခါတွင် ဖြစ်သည်။

မှတ်ချက် လိင်ပိုင်းဆိုင်ရာ ထိပါးနှောက်ယှက်ခြင်းကို ထည့်သွင်းထားသည်မှာ လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်မှုနှင့် ကွဲပြားစေရန် ဖြစ်သည်

## အပိုင်း (၂)။ လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်မှုနှင့် မဖွယ်မရာပြုမှုဆိုင်ရာ ကိစ္စများနှင့် ချိတ်ဆက်ခြင်း

### 25. ရင်းမြစ် Source

လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်ခြင်းနှင့် မဖွယ်မရာပြုခြင်းတို့ပါဝင်နိုင်သည့် ဖြစ်ရပ် (သို့မဟုတ်) အခြေအနေဆိုင်ရာ အချက်အလက်ပံ့ပိုးပေးသည့် လူတစ်ဦး (သို့မဟုတ် လူတစ်စု)၊ အဖွဲ့အစည်း၊ (သို့မဟုတ်) အခြားအဖွဲ့အစည်းဖြစ်သည်။

### 26. တိုင်ကြားသူ Complainant

ယေဘူယျအားဖြင့် လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်ခြင်းနှင် မဖွယ်မရာပြုခြင်းအတွက် စွပ်စွဲမှုကို ပြဋ္ဌာန်းထားသော လုပ်ထုံးလုပ်နည်းများနှင့်အညီ ကုလသမဂ္ဂ၏အာရုံစူးစိုက်မှုကိုရရှိအောင် လုပ်ဆောင်သူကို ဆိုလိုသည်။ အဆိုပါပုဂ္ဂိုလ်သည် လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်ခြင်းနှင် မဖွယ်မရာပြုခြင်းများမှ ဆက်လက်ရှင်သန်သူ (သို့မဟုတ်) အဆိုပါအဖြစ်အပျက်ကိုသိရှိသူ ဖြစ်နိုင်သည်။

အထွေထွေညီလာခံမှ ပြဋ္ဌာန်းထားသော လုပ်ရှားမှုများကို အကောင်အထည်ဖော်ရာတွင် သူ/သူမသည် ကုလသမဂ္ဂဝန်ထမ်း (သို့မဟုတ်) ဆက်စပ်သူနှင့် လုံခြုံရေးကောင်စီလက်အောက်တွင် တာဝန်ထမ်းဆောင်နေသော နိုင်ငံတကာတပ်ဖွဲ့ဝင်များမှ လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်ခြင်းနှင် မဖွယ်မရာပြုခြင်းခံရသည် (သို့မဟုတ်) ပြုခြင်းခံရသူဟု ပြဋ္ဌာန်းထားသော လုပ်ထုံးလုပ်နည်းများနှင့်အညီ စွပ်စွဲသူ ဖြစ်သည်။ သို့သော် အဆိုပါတောင်းဆိုမှုသည် ကုလသမဂ္ဂအုပ်ချုပ်မှုဆိုင်ရာလုပ်ငန်းစဉ် (သို့မဟုတ်) အဖွဲ့ဝင်နိုင်ငံများ၏ လုပ်ငန်းစဉ်အရ သင့်တော်သလို အရေးယူ မဆောင်ရွက်ရသေးသည့် တောင်းဆိုမှုဖြစ်သည်။

### 27. နစ်နာသူ Victim

ယေဘူယျအားဖြင့် လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ခြင်းနှင် မဖွယ်မရာ ပြုခြင်းခံရသူ (သို့မဟုတ်) ခံခဲ့ရသူ ဖြစ်သည်။

အထွေထွေညီလာခံမှ ပြဋ္ဌာန်းထားသော လှုပ်ရှားမှုများကို အကောင်အထည်ဖော်ရာတွင် သူ/သူမသည် ကုလသမဂ္ဂဝန်ထမ်း (သို့မဟုတ်) ဆက်စပ်သူ များမှ လိင်ပိုင်း ဆိုင်ရာ ခေါင်းပုံဖြတ်ခြင်းနှင် မဖွယ်မရာပြုခြင်း ခံရသည်ဟု တောင်းဆိုသူအား ကုလသမဂ္ဂ အုပ်ချုပ်မှုဆိုင်ရာ လုပ်ငန်းစဉ် (သို့မဟုတ်) အဖွဲ့ဝင် နိုင်ငံများ၏ လုပ်ငန်းစဉ်အရ သင့်တော်သလို ဆောင်ရွက်ပေးပြီး ဖြစ်သည်။

မှတ်ချက်။ "နစ်နာသူ" နှင့် ပတ်သက်၍ မတူညီသော အဓိပ္ပါယ်ဖွင့်ဆိုမှုများသည် မတူညီသော အကျိုးဆက်ကို ဖြစ်ပေါ်စေသဖြင့် အကြောင်းအရာ အခြေအနေကိုလိုက်၍ အသုံးပြုရန် အရေးကြီးပါသည်။

### 28. ဆက်လက်ရှင်သန်သူ Survivor

အထက်ပါ "နစ်နာသူ" ဆိုသည့်အသုံးအနှုံးကို ရည်ညွှန်းပါသည်။ "နစ်နာသူ" ဟူသော အသုံးအနှုန်းကို ဥပဒေရေးရာနှင့် ဆေးဘက်ဆိုင်ရာကဏ္ဍများတွင် မကြာခဏအသုံးပြုလေ့ရှိပါသည်။ စိတ်ပိုင်းဆိုင်ရာနှင့် လူမှုရေးအထောက်အကူကဏ္ဍများတွင်မူ လိင်ပိုင်းဆိုင်ရာနှင့် ကျားမရေးရာအခြေပြု အကြမ်းဖက်မှုခံရသူများကို "ဆက်လက်ရှင်သန်သူ" ဟုအသုံးပြုခြင်းဖြင့် ကြံ့ကြံ့ခံနိုင်သူ၊ တွန်းလှန်လွတ်မြောက်နိုင်သူဟု ရည်ညွှန်းပါသည်။

**29. အရွယ်မရောက်သေးသူ/ကလေး Minor/Child**

ဒေသအလိုက် အရွယ်ရောက်ပြီးသူဟု သတ်မှတ်သည့်အသက်အရွယ်နှင့် သဘောတူခွင့်ပြုခြင်းတို့ မည်သို့ပင်ရှိစေကာမူ အသက်(၁၈)နှစ်အောက်ရှိသူတစ်ဦးကိုခေါ်သည်။ လက်ရှိတွင် လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ခြင်းနှင့်မဖွယ်မရာပြုခြင်းကို သတင်းပို့ရာ၌ အရွယ်မရောက်သေးသူနှင့် ကလေးဟူသော အသုံး အနှုန်းကို အသက် (၁၈) နှစ်အောက်ဟု အဓိပ္ပါယ်သတ်မှတ်၍ အပြန်အလှန်လဲလှယ် အသုံးပြုပါသည်။ "ကလေး " ဟူသောအသုံးအနှုန်းသည် (ကလေးသူငယ်အခွင့်အရေးဆိုင်ရာ သဘောတူညီချက်) နိုင်ငံတကာ တွင် အဓိပ္ပာယ်ဖွင့်ဆိုအသုံးပြုနေသည့် ဝေါဟာရဖြစ်သည့်အတွက် ပို၍ ကောင်းမွန်ပါသည်။

**30. အကူအညီ လက်ခံရရှိသူ (အကျိုးခံစားသူ) Beneficiary of Assistance**

ကုလသမဂ္ဂ (သို့မဟုတ်) ယင်း၏ရန်ပုံငွေနှင့် အစီအစဉ်များမှ ဝန်ဆောင်မှုနှင့် အကူအညီအထောက် အပံ့ရရှိသူအားလုံးကို အကျိုးခံစားခွင့်ရှိသူများဟု သတ်မှတ်ပါသည်။

**31. စစ်မေးခံရမည့်သူ (စုံစမ်းစစ်ဆေးမှုအတွက်) Subject (of an investigation)**

စုံစမ်းစစ်ဆေးခံရမည့် ပုဂ္ဂိုလ်/ အဖွဲ့အစည်းကို ခေါ်သည်။

**32. ပြစ်မှုကျူးလွန်သူ Perpetrator**

လူတစ်ဦး (သို့မဟုတ်၊ လူတစ်စု) လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်ခြင်းနှင် မဖွယ်မရာပြုခြင်းနှင့် ပတ်သက်သည့် လုပ်ရပ်တစ်ခု (သို့မဟုတ်) အခြားရာဇဝတ်မှု (သို့မဟုတ်) ပြစ်မှုများကို ကျူးလွန်သူကို ခေါ်သည်။

အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေတွင် ပြစ်မှုကျူးလွန်သူသည် လူ့အခွင့်အရေးဆိုင်ရာ တာဝန် ဝတ္တရားများကို လိုက်နာရန်ပျက်ကွက်သော နိုင်ငံတော်အဖွဲ့အစည်းများ၊ အဖွဲ့အစည်း၊ အေးဂျင့်များကို ရည်ညွှန်းနိုင်သည်။

**33. သတင်းပို့တိုင်ကြားသူ Whistle-blower**

ယေဘူယျအားဖြင့် လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ခြင်းနှင့် မဖွယ်မရာပြုမှုအတွက် သတင်းပို့သည့် ဝန်ထမ်း တစ်ဦးဦး (သို့မဟုတ်) ဆက်နွယ်ပတ်သက်သူကို ဆိုသည်။ လက်တုန့်ပြန်ခြင်းကို ကာကွယ်သည့်မူဝါဒအရ သတ်မှတ်ထားသော အခြေအနေတစ်ခုတွင် သတင်းပို့တိုင်ကြားသူကို ကာကွယ်ပေးသည့်မူဝါဒရှိသည့် အဖွဲ့အစည်း၌ လက်တုန့်ပြန်မှုကို ကာကွယ်ပေးခြင်းရှိနိုင်သည်။ လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်ခြင်းနှင့် မဖွယ်မရာပြုမှုအပါအဝင် လက်မခံနိုင်သောအပြုအမူများကို တိုင်ကြားသည့် ကုလသမဂ္ဂဝန်ထမ်းများ (သို့မဟုတ်) တွဲဖက်ဝန်ထမ်းများသည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ Bulletin S/SGB/2005/21 စည်းကမ်းချက်များပါ ကာကွယ်စောင့်ရှောက်မှုကို ရရှိရန် အကျုံးဝင်သည်။

**34. သက်သေ Witness**

စုံစမ်းစစ်ဆေးနေသည့်ကိစ္စ(အမှု)နှင့်ပတ်သက်၍ တွေ့မြင်သိရှိထားသူ (သို့မဟုတ်) တိုက်ရိုက်သိရှိသူကို ဆိုလိုသည်။

**35. စုံစမ်းစစ်ဆေးသူ Investigator**

စုံစမ်းစစ်ဆေးမှုပြုလုပ်ရန် အခွင့်အာဏာနှင့် တာဝန်ရှိသူကို ဆိုသည်။

**36. ကုလသမဂ္ဂဝန်ထမ်း United Nations personnel**

ကုလသမဂ္ဂဝန်ထမ်းများ၊ ကုလသမဂ္ဂစေတနာ့ဝန်ထမ်းများ၊ စစ်ဖက်ဆိုင်ရာကျွမ်းကျင်သူများ (UNMEM)၊ အရပ်ဖက်ရဲအရာရှိများ (UNPOL)၊ ကုလသမဂ္ဂရဲတပ်ဖွဲ့ (FPUs) နှင့် ရဲအကြံပေးများ အပါအဝင် ကုလသမဂ္ဂမစ်ရှင်များရှိ ကျွမ်းကျင်သူများ ၊ အစိုးရမှထောက်ပံ့ပေးထားသော ပုဂ္ဂိုလ်များ၊ ကုလသမဂ္ဂစစ်ဖက်ဆိုင်ရာအရာရှိများနှင့် ကုလသမဂ္ဂတပ်ဖွဲ့ဝင်များ အပါအဝင် ကုလသမဂ္ဂတွင် တာဝန်ထမ်းဆောင်နေသူများအားလုံး ပါဝင်သည်၊

**37. တွဲဖက်ပုဂ္ဂိုလ်များ Affiliated personnel**

ကုလသမဂ္ဂမစ်ရှင်များတွင် ကျွမ်းကျင်သူအဆင့်အတန်းဖြင့် ဆောင်ရွက်နေခြင်းမဟုတ်ဘဲ တစ်ဦးချင်းအကြံပေးအဖြစ်ဆောင်ရွက်နေသူများ/ စာချုပ်ဖြင့် ဆောင်ရွက်နေသူများ ပါဝင်သည်။

မှတ်ချက်။ အောက်ပါအုပ်စုတွင်ပါဝင်သူများသည် အထက်ပါ ကုလသမဂ္ဂအရာရှိများနှင့် တွဲဖက်ပုဂ္ဂိုလ်များဆိုင်ရာ အဓိပ္ပါယ်သတ်မှတ်ချက်များတွင် မပါဝင်ပါ။ (၁) ကုလသမဂ္ဂအထူးပြုအေဂျင်စီများနှင့် ဆက်စပ်အဖွဲ့အစည်းများတွင် တာဝန်ထမ်းဆောင်နေသူများ၊ (၂) ပစ္စည်းရောင်းသူများ (၃) အစိုးရမဟုတ်သောအဖွဲ့အစည်းများတွင် တာဝန်ထမ်းဆောင်နေသူများ၊

**38. ကုလသမဂ္ဂဝန်ထမ်းနှင့် ဆက်စပ်ပုဂ္ဂိုလ်များ United Nations staff and related personnel**

ကုလသမဂ္ဂဝန်ထမ်းများ၊ အကြံပေးများ၊ စာချုပ်ဖြင့်ဆောင်ရွက်နေသူများ၊ ကုလသမဂ္ဂစေတနာ့ဝန်ထမ်းများ၊ မစ်ရှင်များမှကျွမ်းကျင်သူများနှင့် ကုလသမဂ္ဂတပ်ဖွဲ့ဝင်များ ပါဝင်သည်။

**39. ပူးတွဲဆောင်ရွက်သူ (အကောင်အထည်ဖော်ပေးသည့် လုပ်ဖော်ကိုင်ဖက်) Implementing partner**

အေဂျင်စီမှပံ့ပိုးပေးသောရင်းမြစ်များကို သင့်လျော်စွာအသုံးပြုရန် တာဝန်ရှိသော ၊ တာဝန်ခံရသော၊ လုပ်ငန်းစီမံချက်တွင် သတ်မှတ်ထားသည့် ဆောင်ရွက်ရန်လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရသော၊ စီမံခန့်ခွဲရသော အဖွဲ့အစည်းကို ဆိုလိုသည်။ ပူးတွဲဆောင်ရွက်သူများတွင် အစိုးရအဖွဲ့အစည်းများ၊ အစိုးရအချင်းချင်းဆက်သွယ်သည့်အဖွဲ့အစည်းများ၊ အရည်အချင်းပြည့်မီသော လူမှုအဖွဲ့အစည်းများနှင့် ကုလသမဂ္ဂအေဂျင်စီများကို ဆိုလိုသည်။

**အပိုင်း (၃) လုပ်ထုံးလုပ်နည်း**

**40. တိုင်ကြားခြင်း Complaint**

ကုလသမဂ္ဂ၏ကျင့်ဝတ်စံနှုန်းများကို ချိုးဖောက်သောအပြုအမူများဖြစ်သည်ဟု တိုင်ကြားသူ (သို့မဟုတ်) အခြားပုဂ္ဂိုလ်တစ်ဦး (ရင်းမြစ်) မှ အချက်အလက်များ ပေးပို့လာခြင်းဖြစ်ပြီး လေ့လာအကဲဖြတ်မှု မပြုရသေးသောကိစ္စကို ဆိုလိုသည်။

**41. အကူအညီတောင်းသည့် တယ်လီဖုန်းလိုင်း Hotline/Helpline**

မှားယွင်းသည့်အပြုအမူများကို တိုင်ကြားနိုင်သည့် တယ်လီဖုန်းနံပါတ်တစ်ခု ဖြစ်သည်။ ဤတယ်လီဖုန်းလိုင်းကို နည်းပညာအခြေခံထားသည့် သတင်းပို့စနစ်များဖြစ်သည့် အွန်လိုင်းအကူအညီတောင်းသည့်ပုံစံ၊ အီးမေးလ်လိပ်စာ စသည်တို့နှင့် ပေါင်းစပ်ထားနိုင်သည်။

**42. ရပ်ရွာအခြေပြု တိုင်ကြားစာလက်ခံသည့်စနစ် (သို့မဟုတ်) ရပ်ရွာအခြေပြု တိုင်ကြားခြင်းစနစ် Community-based complaint reception mechanism or community-based complaints mechanism**

ရပ်ရွာအခြေပြု တိုင်ကြားစာလက်ခံသည့်စနစ် (သို့မဟုတ်) ရပ်ရွာအခြေပြု တိုင်ကြားခြင်း စနစ် (CBCM) သည် တရားဝင်အဖွဲ့အစည်းများနှင့် အလွတ်သဘောဖွဲ့စည်းထားသောအဖွဲ့အစည်းများ ရောမွှေဖွဲ့စည်းထားသည့်စနစ်တစ်ခုဖြစ်သည်။ လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်ခြင်းနှင့်မဖွယ်မရာပြုမူဖြစ်စဉ်များနှင့်ပတ်သက်၍ လူများက လုံခြုံစိတ်ချစွာသတင်းပို့တိုင်ကြားနိုင်ပါသည်။ ဤစနစ်တည်ဆောက်ရာတွင် ဒေသခံလူမှုအဖွဲ့အစည်းများ ပါဝင်သည့်အတွက် ဖွဲ့စည်းပုံသည် ယဉ်ကျေးမှုနှင့် ကိုက်ညီမှုရှိသလို ကျားမဖြစ်တည်မှုကိုလည်း ထည့်သွင်းစဉ်းစားထားပါသည်။ ယင်းစနစ်သည် လုံခြုံစိတ်ချရပါမည်။ လျှို့ဝှက်မှုကို ထိန်းသိမ်းရပါမည်။ ပွင့်လင်းမြင်သာမှုရှိပြီး လက်လှမ်းမီနိုင်ရပါမည်။ သတင်းပို့ရာတွင် ရပ်ရွာအဖွဲ့အစည်းများ (သို့မဟုတ်) အဓိကဆက်သွယ်ရမည့်သူများ၊ လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်ခြင်းနှင့်မဖွယ်မရာပြုမူဖြစ်စဉ်များကာကွယ်တားဆီးရေးကွန်ယက်များ၊ အဖွဲ့အစည်းများ၏ အဓိကဆက်သွယ်ရမည့် သူများစသည်ဖြင့် ဆက်သွယ်ရေးနည်းလမ်းပေါင်းစုံကို အသုံးပြုနိုင်ရန်အတွက် သတင်းပို့နိုင်သည့် လမ်းကြောင်းများစွာ ရှိရပါမည်။

**43. ဖြစ်နိုင်ဖွယ်ရှိသည့် လက်မခံနိုင်စရာအပြုအမူများကို သတင်းပို့ခြင်း Report of possible misconduct**

ကုလသမဂ္ဂ၏ကျင့်ဝတ်စံနှုန်းများကို ချိုးဖောက်ခြင်းဖြစ်နိုင်သည့်အပြုအမူများဟု တိုင်ကြားသူ (သို့မဟုတ်) အခြား ပုဂ္ဂိုလ်တစ်ဦး (ရင်းမြစ်) မှ ပေးလာသော သတင်းအချက်အလက်များဖြစ်သည်။

**44. အငြိုးထားတိုင်ကြားခြင်း/လိမ်လည် (မှားယွင်း) တိုင်ကြားခြင်း Malicious/false complaint**

မှားယွင်းသော (သို့မဟုတ်) လမ်းလွဲစေသော သတင်းမှားများကို ရည်ရွယ်ချက်ရှိရှိ ဖြင့် ပေးခြင်းဖြစ်သည်။

**45. ဖြစ်စဉ်ဖြစ်သည့်နေ့/ ဖြစ်ရပ် Date of occurrence/incident**

ကုလသမဂ္ဂ၏ကျင့်ဝတ်စံနှုန်းများကို ချိုးဖောက်မှုဖြစ်ပေါ်သည်ဟု သတင်းပို့သည့်နေ့ (ရက်ကာလများစွာအပါအဝင်) ကို ဆိုလိုသည်။

**46. အချက်အလက်များ စုစည်းခြင်း Information gathering**

တိုင်ကြားမှုလက်ခံရရှိပြီးချိန်တွင် ကနဦးအနေဖြင့် လုံလောက်သောအချက်အလက်များရရှိရန် စုစည်းပြီး အကဲဖြတ်သုံးသပ်ခြင်းကို ဆက်လက်ဆောင်ရွက်ရန် ဖြစ်သည်။

လူ့အခွင့်အရေးအခြေအနေတွင် ၎င်းသည်လူ့အခွင့်အရေးဆိုင်ရာစုံစမ်းစစ်ဆေးမှုများအတွက် အချက်အလက်များကို ဖော်ထုတ်ရန် (သို့မဟုတ်) အသက်ရှင်ကျန်ရစ်သူများကို အကူအညီနှင့် အကာအကွယ်ပေးရန် လိုအပ်သည့် သတင်းအချက်အလက်စုဆောင်းခြင်းလုပ်ငန်းစဉ်ကို ဆိုလိုသည်။

## 47. ထိန်းသိမ်းခြင်း/ သက်သေအထောက်အထားများကို အကာအကွယ်ပေးခြင်း Preservation / Safeguarding of evidence

သက်သေအထောက်အထားများ (သွေး၊ သုတ်ရည် နမူနာ အစရှိသည့်) သည် အချိန်ကာလ ကြာလာခြင်း၊ မှားယွင်းစွာစီမံခန့်ခွဲခြင်း၊ မသင့်မလျော်စုဆောင်းခြင်း၊ သိမ်းဆည်းခြင်း စသည်တို့ကြောင့် ပျောက်ပျက်နိုင်သဖြင့် စနစ်တကျ ရယူရန်၊ ထားရှိရန်၊ မှတ်တမ်းတင်ထားရန်နှင့် ထိန်းသိမ်းရန် လိုအပ်ပါသည်။ ယင်းတွင် ဖြစ်စဉ်ဖြစ်ပွားသည်ဟု စွပ်စွဲခံရသည့်နေရာဒေသများကို ဓါတ်ပုံမှတ်တမ်းယူထားခြင်းနှင့် သက်သေဖြစ်လာနိုင်သူများ၏ သက်သေအထောက်အထားအသေးစိတ်ကို မှတ်တမ်းတင်ထားခြင်း တို့ ပါဝင်ပါသည်။

## 48. (စွပ်စွဲချက်ကို) အကဲဖြတ်သုံးသပ်ခြင်း Assessment of (an allegation)

လက်ခံရရှိသောသတင်းအချက်အလက်များသည် လက်မခံနိုင်သောအပြုအမူများဖြစ်ကြောင်း စွပ်စွဲချက်အတွက် လုံလောက်ခြင်းရှိ/မရှိနှင့် စုံစမ်းစစ်ဆေးမှုပြုလုပ်ရန်အတွက် လွှဲပြောင်းရန် ကျိုးကြောင်းခိုင်လုံကြောင်းဆုံးဖြတ်ရန် ပြန်လည်သုံးသပ်ခြင်း ဖြစ်သည်။

## 49. လက်မခံနိုင်သော အပြုအမူများ ဖြစ်ကြောင်း စွပ်စွဲခြင်း Allegation of misconduct

လက်မခံနိုင်သောအပြုအမူများပြုလုပ်ခြင်း (သို့မဟုတ်) ပြစ်မှုကျူးလွန်ခြင်းဖြစ်နိုင်ကြောင်း ခိုင်လုံသောအချက်အလက်များက ညွှန်ပြနေသည်ဟု နားလည် လက်ခံထားခြင်း ဖြစ်သည်။

အရေးယူမှုလုပ်ငန်းစဉ်တွင် ကုလသမဂ္ဂဝန်ထမ်းတစ်ဦး ပါဝင်သည့်အနေအထား၌ "လက်မခံနိုင်သောအပြုအမူများဖြစ်ကြောင်းစွပ်စွဲခြင်း"သည် အချက်အလက်များဖြစ်ပေါ်လာမှုနှင့် အဆိုပါစွပ်စွဲမှုပေါ်တွင် ၎င်း၏သဘောထားမှတ်ချက်များပေးရန် အုပ်ချုပ်ရေးဌာနမှ အဆိုပါဝန်ထမ်းသို့ စွပ်စွဲသည့်အကြောင်းကြားစာပေးပို့ခြင်းဖြစ်သည်။ လက်မခံနိုင်သောအပြုအမူများဖြစ်ကြောင်းစွပ်စွဲခြင်းသည် ပုံမှန်အားဖြင့် စုံစမ်းစစ်ဆေးမှုဆောင်ရွက်ပြီးချိန်တွင် ပြုလုပ်ခြင်းဖြစ်သည်။ လက်မခံနိုင်သောအပြုအမူများဖြစ်ကြောင်း စွပ်စွဲသည့်အကြောင်းကြားစာထုတ်ပေးခြင်းသည် ဝန်ထမ်းများနှင့်ဆက်နွယ်သည့် အရေးယူမှုလုပ်ငန်းစဉ် စတင်ခြင်းဖြစ်ပြီး အရေးယူသည့်အနေဖြင့် ဒဏ်ငွေချမှတ်ခြင်းများ ခံရနိုင်သည်။

## 50. မြင်ရုံမျှဖြင့်ဥပဒေကြောင်းအရလုံလောက်သော အထောက်အထား Prima facie grounds

ကုလသမဂ္ဂအေဂျင်စီများ၊ ရန်ပုံငွေများနှင့်အစီအစဉ်များအတွက် မြင်ရုံမျှဖြင့်ဥပဒေကြောင်းအရလုံလောက်သော အထောက်အထားဆိုသည်မှာ စွပ်စွဲမှုကို စုံစမ်းစစ်ဆေးမှုအဖြစ် ပြုလုပ်ရန် လုံလောက်သော၊ ယုံကြည်စိတ်ချရသော အထောက်အထားမျိုးဖြစ်သည်။

## 51. စုံစမ်းစစ်ဆေးခြင်း Investigation

တာဝန်ရှိသူ/အဖွဲ့အစည်းများအနေဖြင့် မှားယွင်းခဲ့ခြင်း (မရိုးသားစွာ ပြုလုပ်ခဲ့ခြင်း) ဟုတ်မဟုတ် ဆုံးဖြတ်ရန် အချက်အလက်များကိုစုစည်းပြီး ခွဲခြမ်းစိတ်ဖြာဆန်းစစ်သည့် တရားဝင်လုပ်ငန်းစဉ် ဖြစ်ပါသည်။

**52. အမှု Case**

အလေးဂရုပြုရန်လိုအပ်သော အခြေအနေတစ်ခုဖြစ်ပြီး အဆိုပါအခြေအနေကို သိသူတစ်ဦးမှ အရေးယူ ဆောင်ရွက်ရန် လိုအပ်သောအခြေအနေဖြစ်ပါသည်။ အဖွဲ့အစည်းပေါ်မူတည်၍ အမှုတစ်ခုသည် ပြစ်မှု ကျူးလွန်သူများစွာ (နှင့်/သို့မဟုတ်) နစ်နာသူများစွာ (သို့မဟုတ်) ပြစ်မှုကျူးလွန်သူတစ်ဦး (နှင့်/သို့မဟုတ်) နစ်နာသူတစ်ဦးနှင့် ဆက်နွယ်နိုင်ပါသည်။

**53. အသိပေး သဘောတူညီမှု Informed consent**

အသိပေးသဘောတူညီမှုဆိုသည်မှာ ကြိုတင်ရှင်းပြထားသည့်အတိုင်း အချက်အလက်များကိုအသုံးပြုရန် ပါဝင်သူကခွင့်ပြုခြင်းကို ဆိုလိုသည်။ တစ်ခါတစ်ရံတွင် ကန့်သတ်ချက်များဖြင့် ခွင့်ပြုခြင်းဖြစ်သည်။ ပံ့ပိုးပေးသည့် အချက်အလက်များအားလုံး အသုံးပြုနိုင်ခြင်း ရှိ/မရှိကို သတ်သတ်မှတ်မှတ် ဖော်ပြထားရန် လိုသည်။ ပါဝင်ဖြေဆိုသူသည် မည်သူမည်ဝါဖြစ်သည်ကိုဖော်ပြနိုင်ခြင်းရှိ/မရှိ (သို့မဟုတ်) ပါဝင်ဖြေဆိုသူသည် မည်သူမည်ဝါဖြစ်သည်ကို လျို့ဝှက်ထား၍ ပံ့ပိုးပေးသည့်အချက်အလက်များကို သုံးပြုနိုင်သည် စသည်တို့ကို သတ်သတ်မှတ်မှတ် ဖော်ပြရမည်။ ပါဝင်ဖြေဆိုသူသည် သက်သေခံချက်အချို့ကို လျို့ဝှက်ထားရန်၊ အချို့ကို ဖော်ပြရန်စဉ်းစားပေလိမ့်မည်။ ၄င်းကိုလည်း ရှင်းလင်းစွာဖော်ပြရန်နှင့် မှတ်တမ်းတင်ထားရန် လိုအပ်သည်။ အသိပေးသဘောတူညီမှုသည် အချက်အလက်များ၊ ဖြစ်နိုင်ချေနှင့် အနာဂတ်အကျိုးဆက်များကို သေချာစွာ သိရှိနားလည်ပြီး ဆန္ဒအလျောက်နှင့် လွတ်လပ်စွာပေးခြင်းဖြစ်သည်။ အသိပေးသဘောတူညီမှုကိုပေးရန် အတွက် သက်ဆိုင်သူတစ်ဦးချင်းသည် သဘောတူညီမှု ေးချိန်တွင် လိုအပ်သော အချက်အလက်အားလုံးကို သိရှိရန်၊ သုံးသပ်အကဲဖြတ်နိုင်ရန်နှင့် ဖြစ်ပေါ်လာနိုင်မည့်အကျိုးဆက်များကို နားလည်ရန်လိုအပ်သည်။ ၄င်းတို့အနေဖြင့် အဆိုပါလုပ်ငန်းစဉ်တွင် ပါဝင်ခြင်းကို ငြင်းဆိုခွင့်ရှိကြောင်း သိရှိရန် (သို့မဟုတ်) ပါဝင်ရန် အတင်းအကြပ် စေခိုင်းနိုင်ခွင့်မရှိကြောင်းသိရှိရန်လိုအပ်သည်။ ကလေးငယ်များ၏ အသိပေးသဘောတူညီမှု ကို ရယူရာတွင် ၄င်းတို့၏လက်ရှိစွမ်းဆောင်နိုင်မှုအပေါ်တွင် ထည့်သွင်းစဉ်းစားသင့်သည်။ ကလေးငယ်များ အတွက် အသိပေးသဘောတူညီမှုသည် ၄င်းတို့ဆန္ဒအလျောက်သာဖြစ်သင့်ပြီး ကလေးငယ်နှင့် မိဘ (သို့မဟုတ်) အုပ်ထိန်းသူ၏ အသိပေးသဘောတူညီမှု ဖြစ်သင့်သည်။ မသန်စွမ်းသူများအနေဖြင့် သဘော တူညီမှုပေးရာတွင် ယင်းတို့၏မသန်စွမ်းမှုအမျိုးအစား (ခန္ဓာကိုယ်၊ အသိပညာဉာဏ်ရည်၊ စိတ်ပိုင်းဆိုင်ရာ စသည်) အပေါ်မူတည်၍ သီးသန့်အထောက်အပံ့များ လိုအပ်နိုင်ပါသည်။ အသိပေးသဘောတူညီမှုကို ပေးပြီးဖြစ်သော်လည်း အချက်အလက်စုဆောင်းသူအနေဖြင့် အချက်အလက်များကို အသုံးပြုခြင်းကြောင့် အချက်အလက်ပံ့ပိုးပေးသူနှင့် အခြားပါဝင်သူများ၏လုံခြုံမှုကို ထိခိုက်စေနိုင်သောအကျိုးဆက်များ ဖြစ်နိုင်ချေ ရှိ/မရှိ သုံးသပ်အကဲဖြတ်ရန် လိုအပ်ပါသည်။ ပါဝင်ဖြေဆိုသူကို ထိခိုက်စေနိုင်သည့် ကိစ္စများကို အနည်းဆုံးဖြစ်အောင် ဆောင်ရွက်ရန်လိုသည်။

*မှတ်ချက် - အသိပေးသဘောတူညီမှုအတွက် အသေးစိတ်လိုအပ်ချက်များအတွက် ဆွေးနွေးမှုများ ဆောင်ရွက်ဆဲဖြစ်သည်။ ထို့ကြောင့် အဆိုပါအဓိပ္ပါယ်ဖွင့်ဆိုချက်သည် မကြာမီအချိန်အတွင် ပြန်လည် ပြင်ဆင်နိုင်ပါသည်။*

**54. စုံစမ်းစစ်ဆေးမှုအစီရင်ခံစာ Investigation report**

စုံစမ်းစစ်ဆေးမှုမှတွေ့ရှိချက်များကို အစီရင်ခံတင်ပြခြင်းဖြစ်သည်။ သက်ဆိုင်သော အချက်အလက် အပြည့်အစုံပါဝင်သည်။

**55. သက်သေခံ အထောက်အထား Evidence**

အမှုအတွက် မှန်ကန်ကြောင်းပြသော (သို့မဟုတ်) သက်သေအထောက်အထားများကို ကန့်ကွက်သော အချက်အလက်များ ဖြစ်သည်။ ၎င်းတို့တွင် နည်းပညာကျွမ်းကျင်သူ၊ စာရွက်စာတမ်း၊ အီလက်ထရောနစ်၊ အသံ၊ ဗွီဒီယိုမှတ်တမ်းနှင့် ဓါတ်ပုံအပါအဝင် နှုတ်ဖြင့်သက်သေခံချက်၊ သွေး၊ ဆံပင်၊ သုတ်ရည် အပါအဝင် ဇီဝဗေဒ သက်သေခံချက်များ ပါဝင်သည်။ ယခုဖော်ပြချက်များအပြင် အခြားအထောက်အထားများလည်း ရှိနိုင်ပါသည်။

**56. မေးမြန်းခြင်း Interview**

လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်ခြင်းနှင့် မဖွယ်မရာပြုမှုအကြောင်းအရာနှင့် ပတ်သက်၍ သက်ဆိုင်သော အချက်အလက်များစုစည်းရန် ပုဂ္ဂိုလ်တစ်ဦးအား မေးခွန်းများ မေးမြန်းခြင်းဖြစ်သည်။

**57. စုံစမ်းစစ်ဆေးမှု အာဏာပိုင် Investigation authority**

စုံစမ်းစစ်ဆေးမှုအတွက် ရရှိနိုင်သောသက်သေအထောက်အထားများစုစည်းရန် လိုအပ်သောအခွင့် အာဏာ (ပြစ်မှုကျူးလွန်သူကို စုံစမ်းစစ်ဆေးမှုတွင် မဖြစ်မနေပူးပေါင်းရန် တွန်းအားပေးနိုင်သည့် အခွင့် အာဏာအပါအဝင်) ပေးအပ်ခြင်းခံရသော အဖွဲ့အစည်း၊ အဖွဲ့ဝင်နိုင်ငံ၊ အေဂျင်စီ ဖြစ်သည်။

**58. ခိုင်လုံသော သက်သေခံအထောက်အထား Credible evidence**

ယေဘူယျအားဖြင့် ယုံကြည်စိတ်ချရသော သက်သေခံအထောက်အထားဖြစ်သည်။ အမှုကိစ္စ တစ်ခုတွင် ခိုင်လုံသောအထောက်အထားဖြစ်ရန် မည်သည့်အချက်များပါဝင်ရမည်ဆိုသည်ကို ပုံသေ ကားချပ်သတ်မှတ်ပြဋ္ဌာန်းထားခြင်းမရှိပါ။ စုံစမ်းစစ်ဆေးသူများအနေဖြင့် ပဏာမအချက်အလက် စုစည်းခြင်းနှင့် အကဲဖြတ်ခြင်းများပေါ်တွင်မူတည်၍ အမှုကိုပေါင်းစပ်သုံးသပ်မှုများပြုလုပ်ပြီးမှသာ သက်သေအထောက်အထားများသည် ခိုင်လုံခြင်း ရှိ/မရှိ ဆုံးဖြတ်ရန်ဖြစ်သည်။

**59. အထောက်အထား ခိုင်လုံခြင်း Substantiated**

လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ခြင်းနှင့် မဖွယ်မရာပြုမှုကို မှန်ကန်သေချာကြောင်း လုံလောက်သော အထောက်အထားများတွေ့ရှိပါက စုံစမ်းစစ်ဆေးမှုကို အဆုံးသတ်သည်။

**60. အထောက်အထား မခိုင်လုံခြင်း Unsubstantiated**

ရရှိနိုင်သော သက်သေခံအထောက်အထားများသည် စုံစမ်းစစ်ဆေးမှုကို ပြီးစီးအောင်ဆောင်ရွက်ရန် မလုံလောက်ခြင်း (သို့မဟုတ်) အကြောင်းအမျိုးမျိုးကြောင့် လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ခြင်းနှင့် မဖွယ်မရာပြုမှုကို မှန်ကန်သေချာကြောင်း လုံလောက်သောအထောက်အထား မရရှိသဖြင့် စုံစမ်းစစ်ဆေးမှုကို အဆုံးသတ်ခြင်းဖြစ်သည်။ ဤသို့ဆိုတိုင်း စွပ်စွဲမှုသည် မှားသည်ဟု ဆိုလိုခြင်းမဟုတ်ပေ။

**61. အပြီးသတ်အစီရင်ခံစာ Closure report**

စုံစမ်းစစ်ဆေးမှုအတွက်ပြုစုထားသော ဌာနတွင်းလျှို့ဝှက်စာရွက်စာတမ်းဖြစ်ပြီး အရေးယူခြင်း၊ အုပ်ချုပ်မှုနှင့် အခြားအရေးယူမှုများအတွက် အကြံပြုချက်များမပါဝင်ပါ။ အပြီးသတ်အစီရင်ခံစာသည် ပုံမှန်အားဖြင့် အောက်ပါအခြေအနေများတွင် အသုံးပြုပါသည် -

(က) စုံစမ်းစစ်ဆေးမှုပြီးစီးချိန်တွင် ရရှိခဲ့သောအထောက်အထားများသည် စုံစမ်းစစ်ဆေးသည့် အမှုကိစ္စနှင့်ပတ်သက်၍ ခိုင်လုံမှုမရှိခြင်း၊

(ခ) ထပ်မံစုံစမ်းစစ်ဆေးရန် မဖြစ်နိုင်သည့် အခြေအနေကြောင့် အမှုပိတ်သိမ်းခြင်း၊

(ဂ) စုံစမ်းစစ်ဆေးမှုကို အပြည့်အဝပြုလုပ်ရန် မဖြစ်နိုင်သည့်အခြေအနေ၊

## 62. အမှုပိတ်သိမ်းခြင်း Case closed

(က) အထောက်အထားမခိုင်လုံသည့် အမှုအဖြစ် ဆုံးဖြတ်ခြင်း (သို့မဟုတ်) ဆက်လက်၍ စုံစမ်းစစ်ဆေးရန် အာမမခံနိုင်ခြင်းနှင့် အပြီးသတ်အစီရင်ခံစာထုတ်ပြန် ပြီးစီးခြင်း၊

(ခ) တစ်နည်းအားဖြင့် အထောက်အထား ခိုင်လုံသဖြင့် အမှုအဆုံးသတ်ခြင်း၊ တာဝန်ခံမှု တာဝန်ယူမှုဆိုင်ရာ ကိစ္စများ ဆောင်ရွက်ပြီးစီးခြင်း၊

(ဂ) အမှုကို အပြည့်အဝ စုံစမ်းစစ်ဆေးမှု ပြုလုပ်ရန် အခြေအနေမပေးခြင်း၊

## 63. (အဖြစ်များစွာ) **ပြန့်နှံ့မှု** Widespread

လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုနှင့်မဖွယ်မရာပြုမှုတို့နှင့်ပတ်သက်၍ (မည်သည့်အချိန်က) အဖြစ်များစွာ ပြန့်နှံ့ခဲ့သည် ကို ပုံသေကားချပ်မသတ်မှတ်နိုင်ပါ။ ဖြစ်စဉ်တစ်ခုစီတိုင်းကို ပတ်ဝန်းကျင်အနေအထားပေါ်တွင် မူတည်၍ အကဲဖြတ်ရန်ဖြစ်သည်။ သို့သော်လည်း လုံခြုံရေးကောင်စီ၏ဆုံးဖြတ်ချက် ၂၂၇၂ (၂၀၁၆) ကို အကောင် အထည်ဖော်ရန်လမ်းညွှန်တွင် ပါဝင်သော အချို့ (သို့မဟုတ်) အားလုံးသော ဆက်စပ်အချက်အလက်များကို အမှုတစ်ခုစီတိုင်းအတွက် ထည့်သွင်းစဉ်းစားရမည် ဖြစ်ပါသည်။
မှတ်ချက်။ အဆိုပါ စာသားသည် *S/RES/2272* ကို အကောင်အထည်ဖော်နိုင်ရန် ပြုစုထားသည့် လုပ်ငန်းဆောင်ရွက်မှုလမ်းညွှန်ကိုအခြေခံထားပါသည်။

## 64. စနစ်တကျ ကျူးလွန်ခြင်း Systematic

လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုနှင့်မဖွယ်မရာပြုမှုသည် မည်သည့်အချိန်က အဖွဲ့အစည်းအတွင်း အမြစ်တွယ်ပြန့်နှံ့ခဲ့သည်/ စနစ်တကျ ကျူးလွန်နေသည်ကို သတ်မှတ်နိုင်သည့် ပုံသေနည်းမရှိပါ။ ဖြစ်စဉ်တစ်ခုစီတိုင်းကို ပတ်ဝန်းကျင် အနေ အထားပေါ်တွင် မူတည်၍ အကဲဖြတ်ရန် ဖြစ်သည်။ သို့သော်လည်း လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက် ၂၂၇၂ (၂၀၁၆) ကို အကောင်အထည်ဖော်ရန်လမ်းညွှန်တွင်ပါဝင်သော အချို့ (သို့မဟုတ်) အားလုံးသော ဆက်စပ် အချက်အလက်များကို အမှုတစ်ခုစီတိုင်းအတွက် ထည့်သွင်း စဉ်းစားရမည် ဖြစ်ပါသည်။
မှတ်ချက်။ အဆိုပါ စာသားသည် *S/RES/2272* ကို အကောင်အထည်ဖော်နိုင်ရန် ပြုစုထားသည် လုပ်ငန်းဆောင်ရွက်မှု လမ်းညွှန်ကိုအခြေခံထားပါသည်။

## 65. လျှို့ဝှက်ထိန်းသိမ်းခြင်း Confidentiality

အချို့သတင်းအချက်အလက်များ၏ ထုတ်ဖော်နိုင်မှုကို ကန့်သတ်ထားခြင်းဖြစ်သည်။

လျှို့ဝှက် ထိန်းသိမ်းခြင်းသည် အချက်အလက်များအသုံးပြုခွင့်နှင့် ဖြန့်ဝေခွင့်တို့ကို ကန့်သတ်ထားသော ကျင့်ဝတ်ဆိုင်ရာမူတစ်ခုဖြစ်သည်။ ၄င်းသည် မျက်မြင်သက်သေ/ ဆက်လက်ရှင်သန်နေသူများ အနေဖြင့် ရှေ့သို့ထွက်၍ ယင်းတို့ကြုံတွေ့ခဲ့ရသည့်ဖြစ်ရပ်များကို ပြန်လည်ပြောပြလာအောင် ကူညီနိုင်သော ပတ်ဝန်းကျင်တစ်ခုကို ဖန်တီးပေးခြင်းဖြစ်သည်။ လျှို့ဝှက်ပေးထားခြင်းကြောင့် စနစ်နှင့် အဖွဲ့အစည်းများအပေါ် ယုံကြည်မှုရရှိလာစေသည်။ လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုနှင့် မဖွယ်မရာပြုမှုစွပ်စွဲချက်များနှင့် ပတ်သက်သည့်အချက်အလက်များကို သက်ဆိုင်ရာပုဂ္ဂိုလ်များမှ ကာကွယ်ရန်နှင့် သိရှိရန်လိုအပ်သော အချက်များကိုသာ ကန့်သတ်မျှဝေခြင်းဖြင့် လျှို့ဝှက်မှုကိုထိန်းသိမ်းရန် လိုအပ်ပါသည်။ အချက်အလက်များ မျှဝေရာတွင်လည်း ဖြစ်ပေါ်လာနိုင်သည့် မဖွယ်မရာပြုမှုများနှင့် ပါဝင်သူအားလုံး အန္တရာယ်ကျရောက်နိုင်မှု အခြေအနေများသာမက ဆက်လက်ရှင်သန်နေသူ၏အကျိုးကိုပါ ထည့်သွင်းစဉ်းစားသင့်ပါသည်။ ဆိုလိုသည်မှာ လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုနှင့် မဖွယ်မရာပြုမှုစွပ်စွဲချက်များနှင့်ပတ်သက်၍ သက်ဆိုင်ရာပုဂ္ဂိုလ်များက မိသားစု၊ သူငယ်ချင်းများ (သို့မဟုတ်) မဖွယ်မရာပြုမှုနှင့်ပတ်သက်၍ အသိပေးရန် မလို အပ်သော လုပ်ဖော်ကိုင်ဖက်များနှင့် အသေးစိတ်ဆွေးနွေးခြင်းကို မည်သည့်အခါမျှ မပြုလုပ်ရန်ဖြစ်သည်။ လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုနှင့် မဖွယ်မရာပြုမှုများနှင့်ပတ်သက်၍ သက်ဆိုင်ရာပုဂ္ဂိုလ်များက ၄င်းတို့ အေဂျင်စီ (သို့မဟုတ်) စုံစမ်းစစ်ဆေးမှုအဖွဲ့အစည်းသို့ မဖြစ်မနေ သတင်းပို့တိုင်ကြားရာတွင် တိုင်ကြားမှုကို တိုက်ရိုက်လက်ခံရရှိသူသည် တာဝန်ရှိကြောင်းနှင့် တိုင်ကြားသူ/ ဆက်လက် ရှင်သန်နေသူကပေးလာသည့် သတင်းအချက်အလက်များကို လုံခြုံစွာကာကွယ်ပေးမည်ဖြစ်ကြောင်း၊ ကာကွယ်မှုကို ပံ့ပိုးပေးရန် တာဝန်ရှိသူများ (သို့မဟုတ်) အရေးယူဆောင်ရွက်နိုင်သူများ (ဥပမာ- စုံစမ်း စစ်ဆေးရေးအဖွဲ့) ကိုသာ အသိပေးမည်ဖြစ်ကြောင်း ရှင်းပြသင့်သည်။

## 66. နစ်နာသူအား ကူညီပေးခြင်း Victim assistance

A/RES/62/214 တွင် ပြဋ္ဌာန်းထားချက်အရ ဆေးဘက်ဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ ဥပဒေပိုင်းဆိုင်ရာနှင့် အခြားဝန်ဆောင်မှုအကူအညီ၊ အထောက်အပံ့များကို တိုင်ကြားသူ၊ နစ်နာသူ (သို့မဟုတ်) လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုနှင့် မဖွယ်မရာပြုမှုများကြောင့် ရရှိလာသောကလေးတို့ကို ကူညီရမည်။ ကုသလမဂ္ဂ အဖွဲ့အစည်းများ၊ ရန်ပုံငွေနှင့် အစီအစဉ်များအပါအဝင် လူသားချင်း ညှာတာထောက်ထားမှုဆိုင်ရာ ကဏ္ဍတွင် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုနှင့်မဖွယ်မရာပြုမှုခံရသူများကို အကူအညီပေးရာ၌ ဝန်ဆောင်မှုများကို လက်ခံရရှိနိုင်ရန် တစ်ဦးချင်းစီမှ အုပ်ချုပ်မှုဆိုင်ရာ လုပ်ငန်းစဉ်များကို ဆောင်ရွက်ရန် မလိုအပ်ပါ။

## 67. ဌာနဆိုင်ရာ အရေးယူမှု Administrative action

အဖွဲ့အစည်း၏ အခွင့်အာဏာအတွင်း ၄င်း၏ ဝန်ထမ်းများကို ကြားဖြတ်/အရေးပေါ် (သို့မဟုတ်) အပြီးသတ် အရေးယူခြင်း (စာဖြင့်သော်လည်းကောင်း၊ နှုတ်ဖြင့်သော် လည်းကောင်း ပြစ်တင်ရှုံ့ချခြင်း၊ အဖွဲ့အစည်းကို ပေးရန်ရှိသော အကြွေးကို ပြန်လည် ရယူခြင်း၊ တာဝန်မှ ယာယီရပ်ဆိုင်းခြင်း၊ ပြန်ပို့ခြင်း၊ ဘဏ္ဍာရေးဆိုင်ရာအရေးယူမှုများအပါအဝင်)

## 68. ရာဇဝတ်မှုဆိုင်ရာ တာဝန်ခံမှု Criminal accountability

သဘောတရားမှာ တားမြစ်ထားသော အမူအကျင့်များသည် ပြစ်မှုဆိုင်ရာဥပဒေများကို ချိုးဖောက်ခြင်း ဖြစ်နိုင်ပြီး အကျိုးဆက်အဖြစ် တရားရုံးစနစ်တစ်ခု၏ရှေ့မှောက်တွင် ပြစ်မှုဆိုင်ရာတရားစွဲဆိုခြင်းကို ရင်ဆိုင်ရပါမည်။

**69. စစ်တရားရုံး Court martial**

တပ်မတော်တွင်တာဝန်ထမ်းဆောင်နေပြီး တပ်မတော်ဥပဒေများကို ဆန့်ကျင့်သည့်ပြစ်မှုအတွက် စွပ်စွဲခံထားရသူများကို တရားစီရင်သည့် တပ်မတော်တရားစီရင်ရေးတရားရုံးဖြစ်သည်။

**70. အရေးယူအပြစ်ပေးခြင်း Displinary measure/action**

စုံစမ်းမေးမြန်းစစ်ဆေးအရေးယူခြင်းလုပ်ငန်းစဉ်များအပြီးတွင် အရေးယူအပြစ်ပေးခြင်းဖြစ်သည်။ ဝန်ထမ်းစည်းမျဉ်း ၁၀.၂ (အေ) အရ ကုလသမဂ္ဂဝန်ထမ်းများသည် အောက်ပါအရေးယူမှုပုံစံများနှင့် တွေ့ကြုံနိုင်သည်- စာဖြင့်သတိပေးခြင်း၊ အဆင့်တစ်ဆင့် (သို့မဟုတ်) တစ်ဆင့်ထက်ပို၍လျှော့ချခြင်း၊ သတ်မှတ်ကာလတစ်ခုအထိ လစာနှစ်တိုးရပ်ဆိုင်းခြင်း၊ သတ်မှတ်ကာလ တစ်ခုအထိ လစာမဲ့ဖြင့် ရာထူးချထားခြင်း၊ ဒဏ်ငွေချခြင်း၊ သတ်မှတ်ကာလတစ်ခုအထိ ရာထူးတစ်ဆင့် လျှော့ချ၍ ရာထူးတိုး ရပ်ဆိုင်းခြင်း၊ အသိပေးစာ (သို့မဟုတ်) အသိပေးရမည့် ကာလအတွက်လျော်ကြေးနှင့် အလုပ်မှရပ်ဆိုင်းသည့်အတွက် လျော်ကြေး (သို့မဟုတ်) အလုပ်မှ ရပ်ဆိုင်းသည့်အတွက် လျော်ကြေးမပါ ဖြင့် အလုပ်မှရပ်ဆိုင်းခြင်း၊ အလုပ်မှထုတ်ပြစ်ခြင်း။ လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ခြင်းနှင့် မဖွယ်မရာပြုမှုသည် လုံးဝလက်မခံနိုင်သောအပြုအမူအဖြစ် သတ်မှတ်သည့်အတွက် အပြင်းထန်ဆုံးပြစ်ဒဏ်များကို ချမှတ် ပါသည်။

**71. လူ့အခွင့်အရေးဆိုင်ရာ တာဝန်ခံမှု Human rights accountability**

လူ့အခွင့်အရေးချိုးဖောက်မှုများအား အသိအမှတ်ပြုခြင်း၊ တာဝန်ယူခြင်းနှင့် ပြန်လည်ကုစားရန် ဆောင်ရွက်ခြင်းကိုရည်ညွှန်းသည်။ လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုနှင့်မဖွယ်မရာပြုမှုများသည် လူ့အခွင့်အရေး ချိုးဖောက်မှုအဆင့်သို့ ရောက်လာချိန်တွင် တာဝန်ခံမှုသည် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးဥပဒေပါ ဥပဒေအရချည်နှောင်ထားသော တာဝန်ဝတ္တရားများမှ ပေါက်ဖွားလာခြင်းဖြစ်သည်။ အဆိုပါကိစ္စတွင် တာဝန်ခံမှုဆိုသည်မှာ တာဝန်ရှိသူများ (SEA ဖြစ်ပေါ်သည့်နိုင်ငံနှင့် SEA ကျူးလွန်သူ၏ မူလအစ နိုင်ငံများမှ) က SEA ဖြစ်ပေါ်စေသော အကြောင်းရင်း (သို့မဟုတ်) အကျိုးဆက်ဖြစ်သည့် လူ့အခွင့်အရေး ချိုးဖောက်ခြင်းမှ တားဆီးရန်၊ ကာကွယ်ရန်၊ ပြန်လည်ကုစားရန် အစီအမံများဆောင်ရွက်ခြင်းကို ဖြစ်ပေါ် စေသည်။ ချိုးဖောက်မှုကို အစိုးရ (သို့မဟုတ်) အစိုးရမဟုတ်သောအဖွဲ့များ (နှင့်/သို့မဟုတ်) တစ်ဦးချင်းစီ မည်သူကကျူးလွန်သည်ဖြစ်စေ တာဝန်ခံမှုသည် တာဝန်ထမ်းဆောင်သူ၏ တာဝန်သာဖြစ်သည်။

**72. နစ်နာသူကို အပြစ်တင်ခြင်း Victim blaming**

နစ်နာသူကိုအပြစ်တင်ခြင်းနှင့်ပတ်သက်၍ ကုလသမဂ္ဂနှင့် ကျားမရေးရာအခြေပြုအကြမ်းဖက်မှုကို လက်တွေ့ကိုင်တွယ် ဆောင်ရွက်နေသူများအကြား အားလုံးလက်ခံထားသော အဓိပ္ပါယ်သတ်မှတ်ချက်မရှိပါ။ သို့သော်လည်း ကျားမရေးရာအခြေပြုအကြမ်းဖက်မှုနှင့် ပတ်သက်၍ ဆက်လက်ရှင်သန်သူ/ နစ်နာသူသည် အကြမ်းဖက်မှု ကျူးလွန်ခြင်းတွင် လုံးဝ (သို့မဟုတ်) တစ်စိတ်တစ်ပိုင်း တာဝန်ရှိသည်ဟု ယူဆရာတွင် အသုံးပြုကြသည်။ နစ်နာသူကိုအပြစ်တင်ခြင်းနှင့် မိမိကိုယ်ကိုအပြစ်တင်ခြင်းသည် မဖွယ်မရာပြုမှုတွင် ခံရသူ အနေဖြင့် တစ်စိတ်တစ်ပိုင်းတာဝန်ရှိသည်ဟူသော အများပြည်သူ၏ယုံကြည်မှုအပေါ်တွင် မကြာခဏ အခြေ

တည်သည်။ ဆီးရီးယားအရေးအခင်းတွင် ကျားမရေးရာအခြေပြုအကြမ်းဖက်မှုအတွက် တိုင်ကြားခြင်းနှင့် ပတ်သက်၍ UNFPA သင်တန်းနည်းပြများလမ်းညွှန်တွင် "တိုင်ကြားသည့်အခါ အဝတ်အစား၊ ပုဂ္ဂိုလ်ရေး အလေ့အထ (သို့မဟုတ်) GBV ဆက်လက်ရှင်သန်သူ၏ ရုပ်ပိုင်းဆိုင်ရာသွင်ပြင်စသည့် အသေးစိတ်အချက် အလက်များကို အာရုံစူးစိုက်လွန်းခြင်းသည် ကျူးလွန်သူအပေါ်အာရုံစိုက်ခြင်းမှ သွေဖယ်သွားစေသည်၊ အဆိုးဆုံးအနေဖြင့် ဆက်လက်ရှင်သန်သူများမှာ အကြမ်းဖက်မှုအတွက် အပြစ်တင်ခံရနိုင်ပါသည်" ဟု ပါရှိပါသည်။ မဖွယ်မရာပြုလုပ်သူများအနေဖြင့် သူတို့၏အပြုအမူကို ဆင်ခြေပေးနိုင်ရန် နစ်နာသူများကို မကြာခဏအပြစ်တင်တတ်ကြသည်။ ပြုလုပ်သူများနှင့် ခံရသူများကြား အင်အားမညီမျှမှုကြောင့် ခံရသူများ ကို အပြစ်တင်ခြင်းသည် ပိုမိုလွယ်ကူလေ့ ရှိပါသည်။ ပြုလုပ်သူများအနေဖြင့် ယင်းတို့၏ လုပ်ရပ်များအတွက် အပြည့်အဝ တာဝန်ယူရန် အရေးကြီးပါသည်။